အင်းလျားစာအုပ်

မိုးမိုး (အင်းလျား)

# ပေလီဇာတ်လမ်း



# ငပလီဇာတ်လမ်း

## မိုးမိုး(အင်းလျား)

### ၁

မဆန်းပါဘူး။ ဘာမျှ မဆန်းလှပါဘူး။ အေးငြိမ်းတို့ အတွက်တော့ ငပလီ ဆိုတာ အဆန်းတကြယ် မရှိလှပါဘူး။ ပင်လယ်ကမ်းခြေက ရွာကလေး တစ်ရွာပါပဲ။ ပင်လယ်ပြင်ကြီးနဲ့ ရေချင်းမြေချင်း ဆက်စပ်နေတာ၊ ပင်လယ် ပြင်ရဲ့ ဟိုးတစ်ဖက်က မြန်မာပြည်ကြီးနဲ့ ရိုးမတောင်တန်းကြီး ခြားနေတာ၊ ဒါလောက်ပါပဲ။ မြန်မာပြည်မှာရှိတဲ့ အခြားမြို့ငယ် ရွာငယ်လေးတွေလို နေ မှာပါပဲ။ ဒါနဲ့များ ဘာဖြစ်လို့ ငပလီ ငပလီနဲ့ နာမည်ကြီးနေ ရတာပါလိမ့်။ ပင်လယ်ပြင်ကြီးကို အကြောင်းပြုပြီး နာမည်ကြီးနေတာ ထင်ပါရဲ့။ မြန်မာ ပြည်သားတွေဟာ ရေပြင်ကျယ်ကြီးတွေ၊ တောင်တန်းကြီးတွေကို မမြင်ဖူး ဘူး ထင်ပါရဲ့။ သနားစရာ။

ဒီနေရာကို ရောက်လာရင်ပဲ သူတို့တစ်တွေဟာ ဒုံးပျံတွေ၊ ဂြိုဟ်တုတွေစီး ပြီး သီးခြားကမ္ဘာ တစ်ခုကို ရောက်လာသလိုပဲ။ တအံ့တသြ ဖြစ်နေလိုက် ကြတာ၊ အထူးအဆန်း ဖြစ်နေလိုက်ကြတာ၊ ပျော်လို့ရွှင်လို့၊ အားရဝမ်းသာ ဖြစ်လို့။ ငွေကုန်ကြေးကျခံပြီး လေယာဉ်ပျံကြီးတွေတောင် စီးလာရသတဲ့။ တောင်တန်းကြီးတွေကို ကျော်ပြီး၊ တိမ်တွေကို ဖြတ်ပြီး လေထဲမှာ ပျံသန်း လာကြတော့တာပဲ။ ဒီနေရာ ရောက်လာတာကိုပဲ မလုပ်မဖြစ်တဲ့ အလုပ် ကြီးတစ်ခု လုပ်လိုက်ရသလို ကျေနပ်နှစ်သိမ့် နေကြလေရဲ့၊ ပြီးတော့လည်း ဒီနေရာကို လွတ်လွတ်လပ်လပ် နေလို့ရတဲ့ ကမ္ဘာတစ်ခုလို့များ ထင်နေကြ

သလား မသိဘူး။ အင်္ကျီတွေ၊ လုံချည်တွေ၊ အရေခွံတွေကို ခွာချလိုက်ပြီး ဘောင်းဘီတို ကလေးတွေနဲ့ ရေကူးဝတ်စုံတွေနဲ့ ရေထဲကို ပြေးလွှား ဆင်း သွားကြတော့တာပဲ။ အမှန်တော့ ဒီနေရာက လူတွေဟာ ရိုးရိုးဝတ်စား နေထိုင်ကြတာပါပဲ။ ခုလို လွတ်လွတ်လပ်လပ် နေလို့ရတဲ့ နေရာဖြစ်အောင် သူတို့ဟာ သူတို့ လုပ်ယူလိုက်ကြတာပါ။ ပြီးတော့ ပြောသေးတယ်၊ သူတို့က ဒီနေရာလာပြီး အပန်းဖြေကြတာတဲ့။ ဘာတွေများ ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ကြရလို့ အပန်းဖြေချင် ကြရတာပါလိမ့်။ သူတို့ကြည့်ရတာ ပင် ပင်ပန်းပန်း အလုပ်လုပ်ရတဲ့ ပုံမျိုးလည်း မဟုတ်ပါဘူး။ ဆင်းဆင်းရဲရဲတွေ လည်း ဟုတ်ဟန် မတူပါဘူး။ ဒါနဲ့များ တစ်နှစ်တစ်ခါလာပြီး အပန်းဖြေ ကြရသတဲ့။ အံ့ရော။

***

ပင်လယ်လှိုင်းများ တဝုန်းဝုန်း ရိုက်ခတ်သံကို နားထောင်ရင်း အေးငြိမ်း သည် အိပ်ပျော်ရန် ကြိုးစားနေရ လေသည်။ ပင်လယ်လှိုင်းသံကို အိပ်ရာဝင်ခါနီး ချော့မြူနေသည့် သားချော့တေးလို သဘောထားလိုက် မိသည်။ တဝေါဝေါနှင့် လှိုင်းလုံးကြီး ရွေ့လျားလာသံ၊ ကမ်းခြေကို အုန်းခနဲ ရိုက်လိုက်သည့် အသံ၊ တရှဲရှဲမြည်ကာ ပြန်ဆုတ်သွားသည့် အသံတို့မှာ အချက်ညီညီနှင့် စည်းဝါးကျ၍ နေလေသည်။

"မလေး မအိပ်သေးဘူးလား၊ မနက်ကို စောစောထဖို့"

အိပ်ရာထဲတွင် လူးလွန့်လှုပ်ရှား နေသံကို ကြားသွားသော ဘကြီးမောင် က လှမ်း၍ အော်လိုက်လေသည်။ အေးငြိမ်းသည် ကိုယ်ခန္ဓာကို မလှုပ်ရှားမိ အောင် ကြိုးစား၍ သတိထား နေလိုက်သည်။ သို့တိုင် အတွေးစိတ်ကူးများ ကိုကား ထိန်းချုပ်၍ မရ။ လွင့်ချင်ရာလွင့်၍ ပျံ့လိုရာ ပျံ့နေကြသည်။ အိပ်ရာဝင်ပြီး အိပ်မပျော်မီ တစ်စုံတစ်ခုကို တွေးတော စိတ်ကူးနေရသည့်

အလေ့ကိုလည်း အေးငြိမ်းအလွန် မြတ်နိုးလေသည်။

ပေလီကမ်းခြေသို့ ဧည့်သည်များ တဖွဲဖွဲ ရောက်လာစပြုပြီ။ အေးငြိမ်းတို့ အိမ်သို့မူ တစ်ဦးမျှ မရောက်သေး။

နက်ဖြန်မှ ရောက်လာမည့် ဧည့်သည်များ အကြောင်းကို ကြိုတင်မှန်းဆ တွေးတော ကြည့်ရသည်ကပင် စိတ်ဝင်စားစရာ ဖြစ်နေလေသည်။

အေးငြိမ်းအတွက် ပေလီသည် သာမန် ပင်လယ်ကမ်းခြေရွာလေး တစ်ရွာသာ ဖြစ်သည်။ အေးငြိမ်းနေထိုင်ခဲ့၊ ကြီးပြင်းခဲ့ရာ ကျိုက္ကလိမြို့လေးသည် ပေလီနှင့် အတန်ငယ် အလှမ်းကွာခဲ့သော်လည်း ပေလီသည် အေးငြိမ်းအတွက် စိမ်းမနေခဲ့။ ပေလီကမ်းတွင် ယခုလို အခြေချ နေထိုင်ခြင်း မရှိခဲ့သည့်တိုင် ပေလီကို မကြာခဏ ရောက်ခဲ့ဖူးသည်။ သဲဖြူဖြူနှင့် ပင်လယ်စိမ်းစိမ်းကိုလည်း နှစ်သက်ခင်မင် ခဲ့ဖူးသည်။ သို့သော် ငယ်စဉ်က အေးငြိမ်းမြတ်နိုးခဲ့သော ပေလီသည် အသွင်ခြား၍ နေလေပြီ။ ဆိတ်ငြိမ်အေးချမ်းသော ပေလီ၏ နွေရက်များသည် ရင်ခွေးဖွယ်ရာ အဆင်းတန်ဆာတို့ဖြင့် ပြည့်နှက်လျက် ရှိနေလေပြီ။

မြန်မာတစ်ပြည်လုံး၏ အပန်းဖြေစခန်း တစ်ခုအဖြစ် ဟိုးလေးတကျော်ဖြစ်ခဲ့သည်မှစ၍ အေးငြိမ်း ပေလီကို သိပ်မရောက်ခဲ့။ ပေလီရွာတွင် အိမ်တစ်လုံးဖြင့် အခြေချ နေထိုင်နေသော ဘကြီးမောင် ကိုယ်တိုင်ကလည်း အေးငြိမ်းတို့ မိသားစုကို လျစ်လျူရှုထားခဲ့ဟန် တူသည်။ ယခုတော့ အမေအားကိုးရာ အဖေသည်လည်း မရှိတော့ပြီ။ အေးငြိမ်း ဂတန်းဖြေရမည့် ဆဲဆဲမှာပင် အဖေဆုံးခဲ့သည်။ ရိုးလွန်းအလွန်းသော အမေသည် ဈေးရောင်းဈေးဝယ်မျှကိုပင် လုပ်မစားတတ်။ သို့သော် သမီးကို ချစ်ရမှန်းတော့ သိသည်။ သမီး၏ ပညာရေး ထိခိုက်ပျက်စီး သွားမည်ကို စိုးသည်။ သို့ဖြင့် ဘကြီးမောင်၏ သြဇာအောက်သို့ ပြန်လည်ခိုဝင်ကာ ဘကြီးမောင် စီမံသမျှ

နာခံလုပ်ကိုင်ရန် ပေလီရွာသို့ ပြန်လာခဲ့လေသည်။

ဘကြီးမောင်၏ ခြေတံရှည် အိမ်ကြီးသည် ပေလီကမ်းခြေကို မျက်နှာမူ၍နေ၏။ သည်အိမ်ကြီးကို ဧည့်ရိပ်သာအဖြစ် ဖန်တီးခဲ့သည်မှာ များစွာမကြာလှသေး။ လွန်ခဲ့သော သုံးလေးနှစ်ကမှ စတင် ငှားရမ်းခဲ့ခြင်း ဖြစ်သည်။ အေးအေးဆေးဆေး နေတတ်သော ဘကြီးမောင်သည် သူ့အိမ်ပေါ်တွင် ဘယ်အရပ် ဘယ်ဒေသကမှန်း မသိသော လူတွေ ရှုပ်ရှုပ်ထွေးထွေး နေကြ စားကြမှာကို မလိုလား။ သူ့ခြံထွက် အုန်းသီးများ၊ ဒန့်သလွန်သီးများ၊ ငှက်ပျောခိုင်များမှ ရရှိသော ဝင်ငွေဖြင့်သာ ရောင့်ရဲ နေခဲ့လေသည်။ ယခုတော့ အသက်ကလည်း ကြီးလာပြီမို့ တစ်နှစ်တွင်မှ တစ်နွေလောက် ငှားရသော လုပ်ငန်းကို စိတ်လျှော့၍ လက်ခံလိုက်ခြင်းဖြစ်သည်။ သည်ကမ်းခြေတွင် နေပြီး ဧည့်ရိပ်သာအဖြစ် ငှားမစားသည့် အိမ်ဟူ၍ မရှိသလောက်ပင်။ ခုလိုနွေရာသီတွင် ကမ်းခြေနှင့် မျက်နှာချင်းဆိုင်နေသော သည်လိုအိမ်မျိုးကို မဆိုထားဘိ၊ ကားလမ်းမကြီး၏ အခြားတစ်ဖက်မှ အိမ်များတွင်ပင် ဧည့်သည်များကို လက်ခံနေကြရသေးသည်။ ဘကြီးမောင်က ငှားမစားဘဲ ဇွတ်တင်း၍ နေခဲ့သည်မှာ "သက်သက် မာနကြီးနေတဲ့ အဘိုးကြီး"ဟု ပြောစရာ ဖြစ်နေခဲ့လေသည်။ ယခုတော့ ဘကြီးမောင်သည် အေးငြိမ်းတို့ သားအမိ ရောက်လာသည်မှစ၍ သူ့အိမ်ကြီးကို "ငြိမ်းရိပ်သာ" ဟုပင် အမည်တပ်၍ ပေးခဲ့လေပြီ။

ငြိမ်းရိပ်သာ၏ ရှေ့တွင် ပင်လယ်ပြင်ကို ကျောပေးလျက် တဲငယ်လေး တစ်လုံးကိုထိုးကာ အေးငြိမ်းတို့ သားအမိကို နေစေသည်။ အိမ်ကြီးပေါ်တွင် ဘကြီးမောင် တစ်ယောက်သာ ဒရဝမ် အဘိုးကြီးသဖွယ် တစ်ခါတစ်ရံ တက်၍ အိပ်တတ်သည်။ ဧည့်သည်များ ရှိလျှင်လည်း ဧည့်သည်များ၏ လုံခြုံရေးနှင့် ပစ္စည်းပစ္စယများကို စိတ်ချလက်ချ ထားခဲ့နိုင်ရေးအတွက်

ဘကြီးမောင်က စောင့်၍ နေပေးတတ်ခဲ့သည်။ သည်နှစ်တွင်တော့ "ငြိမ်း ရိပ်သာ" ဧည့်သည်များကို အေးငြိမ်းတို့ သားအမိက တာဝန်ယူ စောင့်ရှောက်ရမည်ဟု ဘကြီးမောင် လွှဲအပ်လိုက်လေသည်။

အေးငြိမ်းသည် မမြင်ရသေးသော ဧည့်သည်များကို စိတ်ကူးဖြင့် မှန်း၍ ကြိုဆိုနေမိလေသည်။ ငပလီနှင့် အပန်းဖြေသူများ၏ သဘာဝကို ယခုမှပင် ထိတွေ့ဆက်ဆံ ရပေတော့မည်။ ပလီကို မည်သူတွေ လာကြမည်လဲ။ မည်သို့သော သူမျိုးတွေက ငပလီ၏ အလှကို လာရောက် ခံစားကြသည်လဲ။ အေးငြိမ်း၏ ရင်သည် စူးစမ်းသိမြင်လိုစိတ်ဖြင့် လှုပ်ရှား၍ နေလေ၏။

"ဟဲ့ မလေး၊ အိပ်တော့လို့ ဆိုနေ၊ မနက်ကို ဧည့်သည်တွေ မရောက်ခင် တစ်အိမ်လုံး လှည်းဖို့ကျင်းဖို့"

အတွေးလွန်နေရာမှ သတိလစ်၍ ကိုယ်ကို စောင်းလှည့်လိုက်သဖြင့် ကြမ်းပြင်သည် အသံမြည်၍ သွားလေသည်။ ဘကြီးမောင်၏ အော်သံကြောင့် အေးငြိမ်းသည် အိပ်ပျော်အောင် အိပ်တော့မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် စောင်ကို ခေါင်းအထိ ဆွဲ၍ခြုံလိုက်ကာ မျက်စိကို မှိတ်လိုက်သည်။

ပင်လယ်လှိုင်းများ ရိုက်ခတ်သံသည် စည်းဝါးမှန်မှန် ရိုက်ခတ် မြည်ဟည်း၍ လာပြန်လေသည်။

***

ပြတင်းတံခါးကို ဖွင့်လိုက်လျှင်ပင် လတ်ဆတ်သော လေနုအေးက တိုးဝှေ့ ဝင်ရောက် လာလေသည်။ မဖွင့်သည်မှာ ကြာ၍ တံခါးများက ကျပ်ပြီး အသံတကျွီကျွီ မြည်နေသည်။ ပင့်ကူအိမ် တစ်ဝက်တစ်ပျက်က တံခါးရွက်တွင် ကပ်၍ပါသွား၏။ အိုးမဲ့အိမ်မဲ့ ဖြစ်သွားသော ပင့်ကူလေးက အလန့်တကြားဖြင့် အေးငြိမ်းပခုံးပေါ်သို့ ခုန်တက်လိုက်ရာ အေးငြိမ်းက

လက်ဖြင့် ခါချလိုက်ရသည်။

ပင်လယ်ပြင်သည် အပြာရင့်ရောင်မှ အစိမ်းနုရောင်ဘက်သို့ တဖြည်းဖြည်း ကူးနေလေသည်။ ထွက်ပြူစ နေရောင်ခြည်သည် ပင်လယ်ပြင်ပေါ်သို့ ဖြာ၍ကျစ ပြုနေပြီ။ ပင်လယ်လှိုင်းများက နေရောင်အောက်တွင် တလက်လက် တောက်ပနေကြသည်။ တကယ်တော့ ငပလီကမ်းခြေသည် နွေနှင့် ပနံအရဆုံး ဖြစ်လေသည်။ ထို့ကြောင့်လည်း ငပလီကို နွေ၏ အလှအပ တစ်ရပ်အဖြစ် စွဲမှတ်ယုံကြည်ကာ နွေရောက်လျှင် ငပလီကို တတမ်းတတနှင့် ပြေးလွှားရောက်ရှိ လာဟန်တူလေ၏။

အေးငြိမ်းတို့ဆီမှ လူများက ရိုးမခြားနေသော ဟိုမှာဘက်ကို မြန်မာပြည်ဟု နှုတ်စွဲနေကြသည်။ အေးငြိမ်း၏ အတွေးတွင်ကား အေးငြိမ်းတို့သည် တစ်ပြည်တစ်ရွာ ခြားနေသူများဟု မထင်မိ။ ဘာကြောင့်များ အရှေ့သား၊ အနောက်သား၊ အထက်သား၊ အောက်သားဟူ၍ ခွဲခြားနေရသည်ကို အေးငြိမ်း နားမလည်။ အေးငြိမ်း၏ ကျောင်းစာအုပ်များကြားတွင် ဂျာနယ်မဂ္ဂဇင်းမျိုးစုံ စုပုံရောထွေး၍ နေတတ်လေသည်။ အေးငြိမ်း၏ အမြင်သည် အတွေးအခေါ် ဟောင်းများထဲမှ ခွဲထွက်၍ နေလေပြီ။

သို့သော် အေးငြိမ်းသည် သာမန် တံငါလုပ်သားတစ်ဦး၏ သမီးငယ်အဖြစ် ကြီးပြင်းလာခဲ့ရသည်။ အေးငြိမ်းတို့ ပတ်ဝန်းကျင်တွင် ဘုရားထူးသောလူအချို့ကို မြင်တွေ့နေရဆဲ ဖြစ်လေသည်။ အေးငြိမ်းစိတ်တွင်မူ အနောက်တိုင်း၏ အငွေ့အသက်များ ထိခတ်နေသည်ဆိုသော အရှေ့မြန်မာပြည်သည် စိတ်ဝင်စားစရာ ဖြစ်၍နေသည်။

ငပလီသည် ရိုးမ၏ အရှေ့ဘက်ခြမ်းမှ လူအချို့ကို အနောက်ဘက်သို့ ဆွဲဆောင် ညှို့ယူနေဟန် ရှိလေသည်။

"မလေး တံမြက်စည်း လှည်းသေးဘူးလား၊ မြန်မြန်လှည်းဖို့လုပ်"

ပင်လယ်ကိုသာ အတွေးလွန်နေသော အေးငြိမ်းကို အမေက သတိပေးလိုက်သည်။

"ဧည့်သည်တွေက ဘယ်အချိန် ရောက်ဖို့လဲ"

အေးငြိမ်းက သူ့အမေကို လှည့်မေးလိုက်သည်။

"ငါမသိ၊ ညနေရောက်ဖို့ ထင်တယ်"

အေးငြိမ်းက ပင့်ကူအိမ်များကို တံမြက်စည်းဖြင့် ဖျက်ချလိုက်သည်။ သူ့အမေက တံမြက်စည်း တစ်ချောင်းယူကာ အိမ်ရှေ့ခန်းကို စလှည်းသည်။ ဧည့်သည်များက သံတွဲမြို့ပေါ်မှ လူများနှင့် လှမ်း၍ ဆက်သွယ်ထားပြီး ဖြစ်လေသည်။ မြို့ခံလူများက တစ်နေ့ကပင် ဘကြီးမောင်ကို လာပြောပြီး စရန်ပေးသွားကြသည်။

သည်ကမ်းခြေတွင်တော့ ငြိမ်းရိပ်သာသည် ဈေးအချိုဆုံးပင် ဖြစ်လိမ့်မည် ထင်သည်။ တစ်အိမ်လုံးကိုမှ တစ်နေ့ လေးဆယ်ပဲယူသည်။ အိမ်က နှစ်ခန်းတွဲဖြစ်ပြီး အလယ်မှ ကာရံထားခြင်း မရှိ။ လှေကားကသာ အခန်းနှစ်ခန်းကို ပိုင်းခြားထားသလို ဖြစ်နေသည်။ တစ်အိမ်လုံး ငှားလိုက ငှားနိုင်၏။ လူနည်း၍ အိမ်တစ်ဝက် တစ်ခန်းကိုသာ ငှားလိုလျှင်လည်း ရသည်။ တစ်နေ့နှစ်ဆယ် ပေးရုံသာ။

ယနေ့ရောက်လာမည့် ဧည့်သည်များက လူနည်းဟန်တူလေသည်။ တစ်ခန်းတည်းအတွက်သာ စရန်ပေးသွားကြသည်။ မည်သို့သောလူများ ဖြစ်နိုင်သည်ကို အေးငြိမ်းက မှန်းဆ တွေးတောနေမိ၏။ လင်မယား နှစ်ယောက်တည်းလည်း ဖြစ်နိုင်သည်။ ညားခါစသော် လည်းကောင်း၊ အဘိုးကြီး အဘွားကြီးများ သော်လည်းကောင်း ဖြစ်မည်။ လူရွယ်စုံတွဲဖြစ်က ကလေးတစ်ယောက် နှစ်ယောက် ယောကျ်ားလေးတွေချည်း ဖြစ်လျှင် အေးငြိမ်း အိမ်ပေါ်တက်ခွင့် ရှိမည်မဟုတ်။ သောက်ကြစားကြမည်။

လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေကြမည်။ အလွန်အကျွံ ဖြစ်လာလျှင်ကား ဘကြီးမောင်က ခွင့်ပြုလိမ့်မည်မဟုတ်။ ထို့ကြောင့်လည်း လက်မခံမီကပင် မည်သို့သောသူများ ဖြစ်မည်ကို မေးမြန်းတတ်၏။ သို့သော်လည်း ပြောတုန်းကတစ်မျိုး၊ ရောက်တော့ ပုံစံတစ်မျိုး ဖြစ်နေတတ်သည်က များသည်ဟု ဆိုလေသည်။

"ဒီနေ့လာဖို့ဟာ ဘယ်နှယောက်လဲ အမေ"

"ငါမသိ"

အမေ့ မေးလိုက်မှဖြင့် ဘယ်တော့မှ သိတယ်မရှိဘူးဟု အေးငြိမ်းက တွေးမိ၏။ အမေသည် စကားအလွန်နည်းသည်။ သူ့မို့လို့ စကားပြောလိုက်လျှင်လည်း လူစိမ်း သူစိမ်းများက နားမလည်။ နားမလည်၍ ထပ်မေးလိုက်လျှင် ပိုဆိုးသွားတတ်၏။ ဘာပြောလိုက်မှန်းပင် မသိတော့။

အမေအိမ်ထောင်ကျစက အဖေနှင့် ကျောက်ဖြူသို့ လိုက်သွားကာ သုံးနှစ်ခန့် နေခဲ့ဖူးသည်။ အဖေသည် ကျောက်ဖြူသားဖြစ်၏။ အမေ သံတွဲပြန်လာပြီးမှ အေးငြိမ်းကို မွေးသည်။ ပြီးမှ ကျိန္တလီရွာသို့ ပြောင်းရွှေ့သည်။ အမေသည် အဖေနည်းတူ စကားပြောလျှင် ရခိုင်သံဝဲ၍ နေတော့သည်။ သံတွဲမြို့ပေါ်တွင် မွေးသော အေးငြိမ်းတို့ကမူ စကားသိပ်မဝဲတော့။ မြန်မာသံဖြင့်ပင် ပြောကြ ဆိုကြလေသည်။

"အမေ့ကို ထမင်းချက်ဖို့ ပြောထားသေးလား"

အငြိမ်းက အမှိုက်များအား ကြမ်းပေါက်မှ ပျဉ်ချပ်ငယ်ကိုခွာ၍ လှည်းချရင်း မေးလိုက်သည်။ အိမ်က ခြေတံရှည်၍ အမှိုက်များက ဝဲပျံကာ အောက်သို့ လွင့်စဉ်ကျသွားကြသည်။ လှဲချပြီးမှ ဘကြီးမောင်များ အိမ်အောက်တွင် ရှိနေမလားဟု အေးငြိမ်းက ငုံ့ကြည့်မိသည်။ အောက်ထပ်တွင် အိမ်ဘေးတစ်ခြမ်းကို ကာရံကာ ကွပ်ပျစ်များ ခင်းထားလေသည်။ တည်းခိုစရာ မရ

သည့်အဆုံး၌ အိမ်အောက်တွင် ဇွတ်လာရောက် နေထိုင်တတ်သော ဧည့်သည်များလည်း ရှိသေးသည်ဟု သိရသည်။

"အမေ့ကို ထမင်းချက်ပေးဖို့ ပြောထားသေးလားလို့"

အေးငြိမ်းက အဝတ်စတစ်ခုဖြင့် စားပွဲခုံကို ပွတ်တိုက်နေသော အမေ့ကို ထပ်၍မေးလိုက်သည်။

"ဘာမှမပြော"

အမေက ထိုမျှသာပြောသည်။ အေးငြိမ်းက တစ်စုံတစ်ရာကို မေးဦးမည် ပြုပြီးမှ ဘာမျှ မမေးတော့ဘဲ စားပွဲပေါ်တွင် ရေချိုင့်နှင့် ဖန်ခွက်များကို နေရာတကျ တင်ပေးလိုက်သည်။

တစ်အိမ်လုံး လှည်းကျင်း ပြီးစီးချိန်တွင်တော့ အေးငြိမ်းက ရေချိုးသန့်စင်လိုက်သည်။ ပြီးလျှင် ဝါနုသော သူ့ပါးပြင်ပေါ်သို့ သနပ်ခါး ပါးကွက်ကျားတင်လေသည်။ ပြီးမှ ဒီနေ့ ဧည့်သည်တွေ လာမှာပဲဟု သတိရကာ ပါးကွက်ကို သွားပွတ်တံဖြင့် လိုက်ဖျက်သည်။ ဘကြီးမောင်၏ သွားတိုက်သည့် သွားပွတ်တံဟောင်းကြီးကို သုံးနေရသဖြင့် ကြမ်းတမ်းလွန်း၍ အသားပင် နာလာသည်။ အကုန်အစင် မပျက်မီ ရပ်လိုက်ရ၏။ ယိုးဒယား ပေါင်ဒါမှုန့်ထုပ်လေးကိုကာ တို့ပတ်ဖြင့် အနည်းငယ် တို့ယူပြီး ပါးကို ပွတ်လိုက်လေသည်။

"ဟဲ့ မလေး မပြီးသေးဘူးလား၊ ထမင်းစားဖို့"

"ပြီးပါပြီ"

အေးငြိမ်းက ဆံပင်ကို အထက်မြင့်မြင့်တင်၍ စည်းမည်ဟန် ပြင်နေရာမှ သားရေကွင်းဖြင့် အရင်းနားတွင် အလွယ်တကူ ရစ်ပတ်လိုက်ကာ မှန်ရှေ့မှ ထလာခဲ့ရသည်။

အေးငြိမ်းက ထမင်းစားနေရင်းမှ ဘယ်လို ဧည့်သည်တွေ ရောက်လာမှာ ပါလိမ့်ဟု တွေးနေမိသည်။ တွေးနေရင်းမှ သည်နေ့မြနုနှင့် မတွေ့ရသေး သည်ကို သတိရကာ ထမင်းကို ကမန်းကတန်းစားလိုက်သည်။ ပြီးတော့ မြ နုတို့အိမ်ဘက်သို့ ကူးလာခဲ့လေသည်။

မြနုတို့ အိမ်ကလေးက အေးငြိမ်းတို့၏ အိမ်နှစ်လုံးရှေ့မှာ ရှိသည်။ ပလက ဘန်ဂလိုကြီးဘေးမှ အိမ်မြင့်မြင့်ကြီးကို ခပ်မှီမှီ ထိုးထားသော တဲငယ်လေး သာ ဖြစ်၏။ အိမ်ရှေ့တွင် ခရုပုတီးများကို အစဉ်လိုက် ချိတ်ဆွဲထားတတ်ရာ မြနုတို့အိမ်ကို ခရုကန့်လန့်ကာကြီးနှင့် ကာထားသည်ပင် တူနေပေသည်။ သည်အနား တစ်ဝိုက်တွင်တော့ မြနုသည်သာ အေးငြိမ်း၏ အရင်းနှီး အခင် မင်ဆုံး သူငယ်ချင်းတစ်ယောက် ဖြစ်၍လာသည်။ မြနုနှင့် စကားပြောရ သည်မှာ သနားစရာလည်းကောင်း၊ ရယ်စရာလည်း ကောင်း၏။ မြနုသည် အေးငြိမ်းလို ကျောင်းမနေခဲ့ရ။ အေးငြိမ်းလို သက်သက်သာသာ နေထိုင်ခွင့် မရ။ ယခုလို ဧည့်သည်ပေါသည့် နွေရာသီတွင် ခရုပုတီး တွင်တွင် ရောင်းရ ရေးအတွက် မြနုတစ်ယောက် အလုပ်ရှုပ်နေသည်။ မနေ့ကပင် ခရုအရ နည်းသည်ဆိုကာ လုံးသာဘက်သို့ သူကိုယ်တိုင် လိုက်သွားသည်။ အခါတိုင်း ဆိုလျှင်တော့ သူကတစ်ဆင့် ဖောက်သည်ယူ ရောင်းတတ်သည်။

"မအေးငြိမ်းတို့အိမ် ဧည့်သည်တွေ ရောက်နေပြီလား"

မြနုက ခရုကန့်လန့်ကာကြားမှ နေ၍ အေးငြိမ်းကို နှုတ်ဆက်လိုက်သည်။ အေးငြိမ်းက မြနုကို မမြင်ရသေး။ အေးငြိမ်း လှမ်းတက်လိုက်တော့ မြနုတို့ တဲလေးက အနည်းငယ် လှုပ်သွားသည်။

"ဘယ်ဈေး ဝယ်ခဲ့ရလဲဟေ့"

"တစ်ပြည်လေးကျပ်"

မြနုရှေ့မှ တောင်းထဲတွင် ခရုမျိုးစုံ ရောထွေးနေသည်။ မြနုက အမျိုး

အစားတူသော ခရုလေးများကို သတ်သတ်စီရွေး၍ ပုံနေ၏။ အေးငြိမ်းက လည်း ကူ၍ရွေးပေးလေသည်။

"ဟောဒါလေးတွေတော့ ဝါဝါဝင်းရွှေဖို့ ချန်ထားရမယ်"

မြနုစကားပြောလျှင် ဤသို့ပင် ကြီးကြီးကျယ်ကျယ် ပြောတတ်၏။ အေးငြိမ်းက မြနုမျက်နှာကို လှမ်းကြည့်လိုက်သည်။ မြနုသည် အေးငြိမ်းလို မလှချေ။ အသားညိုသည်။ ပုသည်။ အေးငြိမ်းထက် တစ်နှစ်သာ ငယ် သော်လည်း မြနုက သေးကွေးလွန်း၍ အေးငြိမ်းကလည်း ဖွံ့ထွား၍ သုံး လေးနှစ်ငယ်ဟန် ထင်ရသည်။ ပြီးတော့ မြနုသည် အမြဲတမ်း ကပိုကရို နေ တတ်သည်။ သနပ်ခါးကိုတော့ ထူထူလိမ်းတတ်၏။ မြနုကို အစဉ်သဖြင့် သနပ်ခါး ဘဲကျားနှင့် တွေ့ရတတ်လေသည်။

"ဝါဝါဝင်းရွှေက နင့်ဆီမှာ မှာထားလို့လား"

"ဟင့်အင်း၊ မှာတော့ မမှာဘူး၊ မနေ့က ကျွန်မဆီက ဖောက်သည်ယူပြီး သွားရောင်းတဲ့ ကောင်မလေးတွေဆီက ဝယ်လိုက်တယ်တဲ့၊ ဒီနေ့တော့ ကျွန်မကိုယ်တိုင် သွားရောင်းဖို့"

ရုပ်ရှင်မင်းသမီး ဝါဝါဝင်းရွှေ ငပလီရောက်လာသည် ဆိုကတည်းက မြနု သည် ဝါဝါဝင်းရွှေ အကြောင်းကို မေးရမြန်းရသည်မှာ မောနေ၏။ သူ ကိုယ်တိုင်လည်း တွေ့လို မြင်လိုလှသဖြင့် ခရုပုတီး လှလှကို စုဆောင်းနေခဲ့ သည်။ ယနေ့တော့ သူ့အလိုဆန္ဒ ပြည့်ပေတော့မည်။

"မအေးငြိမ်းကော လိုက်မလား ဟင်"

"လိုက်ချင်ပါဘူး ဟယ်"

"မအေးငြိမ်းကလည်း ရုပ်ရှင်မင်းသမီး မြင်ဖူးရတာပေါ့လို့"

"မမြင်ဖူးတော့ကော ဘာဖြစ်လဲ၊ သူလည်း တို့လိုလူပါပဲဟ"

"သူက လှတာပဲဟာကို"

အေးငြိမ်းက မြနုနှင့်ပြိုင်၍ မငြင်းတော့ပေ။ ခရုရှည်ရှည် ချွန်ချွန်လေးများကို ရွေးကာ ကြီးစဉ်ငယ်လိုက် ဘယက်သဖွယ်ကြီး သီပေးနေလိုက်သည်။

"မအေးငြိမ်းသီတဲ့ ပုတီးက လှတယ်၊ အဲဒါ ဝါဝါဝင်းရွှေ့ဖို့ ယူသွားရမယ်"

မြနုကမူ ခရုညိုညို လုံးလုံးလေးများကို ပလတ်စ တစ်ကြိုးအား ဖြတ်ထားသော ပိုက်လုံးလေးများခံကာ သီနေလေသည်။

"နင်လည်း ဒေါ်အေးမယ်ကြီးလို ဖြစ်နေဦးမယ်"

"ဒေါ်အေးမယ်ကြီး ဘာဖြစ်လို့"

"ဝါဝါဝင်းရွှေ အိမ်ရှေ့မှာ ရေကြက်တွေ သွားရောင်းတယ်လေ၊ တစ်နေ့သာကုန်ရော မင်းသမီးက သူ့ရေကြက်တွေ လာမကြည့်လို့ ပြန်လာခဲ့ရတယ်တဲ့"

"ကျွန်မ ပုတီးကိုတော့ လာဝယ်မှာပါ"

မြနု မလျှော့သေး။

"ဟော လေယာဉ်ပျံဆင်းသံ ကြားတယ်၊ ဧည့်သည်တွေ ပါလာမယ်ထင်တယ်၊ ငါပြန်ဦးမှ"

"မအေးငြိမ်းကလည်း ဒီကို ရောက်လာဖို့က အဝေးကြီး လိုပါသေးတယ်"

"ဘကြီးက လှေကားထစ်တွေ တံမြက်စည်း လှည်းခိုင်းထား မေ့နေလို့ ဟေ့၊ ပြန်လှည်းလိုက်ဦးမယ်၊ နင်လည်း ဝါဝါဝင်းရွှေဆီ သွားချည်ဦး"

အေးငြိမ်းက အိမ်ဘက်သို့ အပြေးအလွှား ပြန်လာခဲ့သည်။ အိမ်ရှေ့တွင် သူ့အမေက လှေကားထစ်များကို တံမြက်စည်း တစ်ချောင်းဖြင့် လှည်းချနေလေသည်။

***

## ၂

ယူဘီအေ ခေါင်းတိုကားကြီးက အိမ်ရှေ့တွင် ရပ်လိုက်သည်။ ကားပေါ်မှ အမျိုးသမီး အမျိုးသား ၁၅ ယောက်ခန့် ဆင်းလာကြလေသည်။ အမျိုးသား များ၏ ဆံပင်များက ကုပ်တွင်ရှိကာ အမျိုးသမီးတို့၏ ဆံပင်များက ကျော လယ်တွင် အဆုံးသတ်ကြသည်။ အဝတ်အစား များကိုမူ ဣန္ဒြေရရ ခေတ်မီ မီ ဝတ်ဆင်ထားကြ၏။ လူကြီးတစ်ယောက်နှင့် မိန်းမကြီးနှစ်ယောက် ပါသည်။ ကျန်လူများက လူရွယ်များသာ ဖြစ်၏။ ပစ္စည်းပစ္စယ များက လည်း စုံလှသည်။ ဂီတာ၊ ပန်ကာ၊ ရေခဲဘူး၊ ကက်ဆက်၊ ထမင်းအိုး၊ ရေနံဆီမီးဖိုစသည် စုံတကာစေ့နေသည်။ ပစ္စည်းများအားလုံး ကုန်အောင် ချနေရသည်ကပင် အတော်ကြာလေသည်။

ဘကြီးမောင်က ထိုလူစုကို ကြည့်ကာ မျက်နှာပျက်နေသည်။ အေးငြိမ်း ရင်ထဲကမူ ဘုရားတနေမိ၏။ ဒီလူအားလုံး ဒီအိမ်မှာတည်းမှာလား။ မဟုတ် ပါစေနဲ့။ ထိုစဉ် မိန်းမကြီး တစ်ယောက်က လူရွယ်တစ်ယောက်ကို တစ်စုံတစ်ရာ ပြောလိုက်၍ လူရွယ်က အေးငြိမ်းတို့ အိမ်ဘက်သို့ အမှတ်တမဲ့ ကြည့်လိုက်သည်။ တစ်ဖက်သို့ လှည့်သွားပြီးမှ အေးငြိမ်းကို မြင်သွားဟန်ဖြင့် သူ့ခေါင်းကို ဆတ်ခနဲ ပြန်လှည့်လိုက်လေသည်။ အေးငြိမ်းရင်ထဲ နွေးခနဲ ဖြစ်သွား၏။ လူရွယ်က အေးငြိမ်းတို့ရှိရာသို့ လျှောက်လာလေသည်။

လူရွယ်သည် ဣန္ဒြေရစွာဖြင့် ဘကြီးမောင်ကိုကြည့်ကာ တရိုတသေ မေး လိုက်သည်။

"ဦးလှမြိုင်အိမ် ဘယ်အိမ်ပါလဲ ခင်ဗျာ"

"ဟိုဘက်အိမ်ကွဲ့ မောင်ရင်ရဲ့"

"ဩော် ဟုတ်ကဲ့၊ ကျေးဇူး တင်ပါတယ်ခင်ဗျာ"

လူရွယ်က အေးငြိမ်းဘက်ကို လုံးဝမကြည့်ဘဲ ဣန္ဒြေရရ ပြန်သွားသည်။ သေးကွေးသော ခန္ဓာကိုယ်လေးပေါ်တွင် ရှပ်အင်္ကျီ အပွင့်လေးက ကျပ်တည်းစွာ စည်းနှောင်ထားလေသည်။ လမ်းလျှောက်သည့်အခါ တင်ပါးလေးက လိမ်ကျစ်လိမ်ကျစ် ဖြစ်သွားသည်။

"အင်း အပြောအဆိုကတော့ ယဉ်ကျေးပါပေရဲ့ လူပုံကတော့ကွာ"

အေးငြိမ်း စိတ်ထဲကမူ ငပလီကို ရောက်လာသော မြန်မာပြည်သားများသည် ရေးကထက် ပို၍ပို၍ ပိန်ကာ ဆံပင်များကလည်း ပို၍ ရှည်လျားလာသည်လားဟု ထင်မိလေသည်။ ဆံရှည်အုပ်စုက ပစ္စည်းများကို တစ်ယောက်တစ်လက်သယ်ရင်း ဘေးအိမ်သို့ တက်သွားကြသည်။ ဦးလှမြိုင်သည် အခြားတစ်အိမ်တွင် သူ့ဘာသာသတ်သတ် နေထိုင်သူဖြစ်၍ မျက်စိရှုပ်မှာ မပူရပေ။ ဧည့်သည်များလည်း လွတ်လွတ်လပ်လပ် နေ၍ရပေသည်။ ဘကြီးမောင်ကမူ သူ့အိမ်ပေါ် တက်လာမည့် ဧည့်သည်များကို တမျှော်မျှော် ဖြစ်၍နေလေသည်။

ခဏအကြာတွင် ဂျစ်ကားတစ်စီး ဆိုက်၍လာလေသည်။ ဘောင်းဘီရှည်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော အမျိုးသားတစ်ဦးက ဦးစွာ ဆင်းလာသည်။ ရှေ့ခန်းတွင် ထိုင်နေသော အမျိုးသမီးက နောက်မှဖြည်းညင်းစွာ ဆင်းလိုက်သည်။ ကားပေါ်မှ ခြေထောက်ကို ကျော်၍ ဆင်းလိုက်စဉ် သလုံးသား ဝါဝါလေးက ဝင်းလက်သွားလေသည်။ နေကာမျက်မှန် အဝိုင်းကြီး အောက်တွင် သူမ၏ မျက်နှာအလှက ပျောက်ကွယ်၍ နေ၏။ ကိုယ်လုံးကိုယ်ထည်ကမူ အတော်ပင် ကြည့်၍ အဆင်ပြေလှသည်။ သူလည်း

ရုပ်ရှင်မင်းသမီးလောက်တော့ လှတာပါပဲဟု အေးငြိမ်းက တွေးနေမိသည်။

ဘောင်းဘီရှည် အမျိုးသားသည် ပစ္စည်းများကို တစ်ယောက်တည်း သယ်ချနေလေသည်။ အမျိုးသမီးကမူ လက်ကိုင်အိတ်တွင်းမှ တို့ပတ်ငယ်ကို ထုတ်ကာ နှာခေါင်းနှင့် နဖူးတစ်ဝိုက်ဆီသို့ တို့၍တို့၍ နေ၏။ ပြီးမှ ပစ္စည်းတွေ စုံမစုံ ရေတွက်နေဟန် မြင်ရသည်။ သူတို့နှစ်ယောက်တွင် ပစ္စည်း သိပ်မများလှ။ သားရေသေတ္တာများ၊ အိတ်များအတွင်း သိုသိုသိပ်သိပ် ထည့်လာပုံရသည်။ အမျိုးသားက ကားမောင်းသူကို ငွေထုတ်ပေးနေသည်။ ဂျစ်ကားသည် သံတွဲမှကားပင် ဖြစ်၏။ အေးငြိမ်းက မှတ်မိနေသည်။ ကားမောင်းသူက အေးငြိမ်းတို့အိမ်ကို လက်ညှိုးထိုးပြနေသည်။ သူတို့နှစ်ယောက် ကိုထားကာ ကားက ပြန်ထွက်သွားလေသည်။

"ပစ္စည်းတွေ ကူသယ်ချေပါ မလေးရဲ့"

ဘကြီးမောင်က ပြောလိုက်သဖြင့် အေးငြိမ်းက သူတို့ရှိရာသို့ ပြေးသွားသည်။ ကြိုတင် ရည်ရွယ်ထားသည့်အတိုင်း ပစ္စည်းများကို မယူမီ အမျိုးသမီး၏ မျက်နှာကို အသေအချာ ကြည့်လိုက်လေသည်။ အမျိုးသမီးက နှုတ်ခမ်းပါးလေးကို ကွေး၍ ပြလိုက်သည်။

"နေပစေ ညီမရယ်"

အသံလေးကလည်း သာယာလှလေသည်။

"နေပစေ ညီမလေး၊ အစ်ကို သယ်ပါ့မယ်"

သို့သော် အေးငြိမ်းက သားရေသေတ္တာ တစ်လုံးကို အလျင်အမြန် မယူလိုက်ကာ ရှေ့မှ လျှောက်လာခဲ့၏။ သေတ္တာက ထင်ထားသည်ထက် လေးသဖြင့် အိမ်ရှေ့တံတားလေးနား မရောက်မီ ခေတ္တနားလိုက်ရသည်။

"အဲဒီသေတ္တာက လေးတယ် ညီမရဲ့ ဒွမ္မာ့ပစ္စည်းတွေလေ"

သားရေအိတ် နှစ်လုံးကို ဆွဲလာသော အမျိုးသားက ပြောလိုက်သည်။ အမျိုးသမီးက ကျန်နေသော ပစ္စည်းများအပါးတွင် ရပ်ရင်း အေးငြိမ်းကို လှမ်းကြည့်နေလေသည်။ အေးငြိမ်းက လှည့်ကြည့်လိုက်စဉ် သေတ္တာကို ချထားခဲ့ရန် လက်ဟန်ပြသည်။ သို့သော် အေးအေးငြိမ်းအမေက ထွက်လာပြီး သေတ္တာကို မသွားသည်။ နောက်တစ်ခေါက် အမျိုးသားက ပစ္စည်းများသွား သယ်ချိန်တွင် အမျိုးသမီးသည် လက်ဆွဲအိတ်တစ်လုံးကို လွယ်ရင်း ခပ်နွဲ့နွဲ့လေး လိုက်ပါလာသည်။ အေးငြိမ်းက တံတားများတွင် ရပ်စောင့်နေမိသည်။

"မမ ကျွန်မကို ပေးလေ"

အေးငြိမ်းက သားရေအိတ်ကို လှမ်းတောင်းသည်။

"ရပါတယ်ကွယ် နေပစေ"

အမျိုးသမီးက တံတားငယ်ပေါ် ဖြတ်လျှောက်သွားရာ ဒေါက်ဖိနပ် ခွာချွန်ချွန်လေးက ကျိုးတိုးကျဲတဲ ပျဉ်ချပ်များကြားသို့ ညပ်၍ညပ်၍ ဝင်သွားလေသည်။ အမျိုးသားက ကိုယ်ကို လှမ်း၍ ထိန်းပေးရသည်။

"ဖိနပ်အပိုပါရဲ့လား ဥမ္မာ"

အမျိုးသမီးက ခေါင်းညိတ်ပြ၏။ သည်တံတားလေးကို ပြင်ဖို့ဘကြီးကို ပြောဦးမှဟု အေးငြိမ်းက တွေးလိုက်သည်။ လှေကားအတက်တွင် အမျိုးသားက ဘေးဖယ်ကာ ဥမ္မာကို အလျင်တက်စေသည်။ မိန်းမကို တော်တော်ဂရုစိုက်တဲ့ ယောကျ်ားပဲဟု အေးငြိမ်းက မှတ်ချက်ချမိ၏။

"ပစ္စည်းတွေ အခန်းထဲမှာ ထားချင်ထားပါ မမ၊ အပြင်မှာထားလည်း ရပါတယ်၊ မပျောက်ပါဘူး"

"ကျေးဇူး တင်ပါတယ်ကွယ်"

အမျိုးသမီးက နေကာမျက်မှန်ကြီးကို ချွတ်ရင်း ပြောလိုက်သည်။ မျက်မှန်ချွတ်လိုက်မှ သူ့အလှက ပို၍ ပေါ်လွင်သွားသည်။ သပ်သပ်ရပ်ရပ် ဆွဲထားသော မျက်ခုံးနှင့် မျက်ရစ်လေးများက မျက်နှာနှင့် လိုက်ဖက်လှ၏။ ရန်ကုန်သူတို့၏ ပြင်ဆင်ခြယ်သပုံများကို အေးငြိမ်း မြင်ဖူးလှပြီ။ သည်မမလောက် အဆင်ပြေတာ မရှိသေးဟု တွေးမိသည်။

"လိုတာရှိရင် ပြောပါနော်၊ ကျွန်မ သွားလိုက်ဦးမယ်"

"အို နေပါဦးကွယ်၊ ညီမလေးနာမည် ဘယ်လိုခေါ်လဲဟင်"

အမျိုးသမီးက စားပွဲရှေ့မှ ကုလားထိုင်ပေါ်တွင် ထိုင်ကာမေးလိုက်သည်။ အမျိုးသားက ဝရန်တာသို့ထွက်ကာ ပင်လယ်လေကို တဝရှူသွင်းနေလေသည်။

"ကျွန်မနာမည် အေးငြိမ်းပါ၊ အိမ်ကတော့ မလေးလို့ပဲ ခေါ်ပါတယ်၊ မမနာမည်ကတော့ ဥမ္မာပဲလား ဟင်"

"ဆိုပါတော့ကွယ်၊ ညီမလေး နာမည်လေးက လှလိုက်တာ၊ လူကလည်း လှတာပဲ၊ ဒီမှာပဲ နေလားဟင်"

အေးငြိမ်းက ဥမ္မာအလှကို မချီးမွမ်းမီ သူ့အလှကို ချီးမွမ်းခံလိုက်ရ၍ အနည်းငယ် ရှက်သွားလေသည်။

"မမကမှ တကယ့်ကို လှတာ၊ မမကိုရတဲ့ အစ်ကိုတော့ သိပ်ကံကောင်းတာပဲ၊ ကျွန်မတို့က ဟိုအောက်က အိမ်လေးမှာ နေပါတယ်၊ ဒီအိမ်ပေါ်မှာ မမတို့ချည်း လွတ်လွတ်လပ်လပ် နေလို့ရပါတယ်"

အေးငြိမ်းက သူဘယ်လိုမှ အနှောင့်အယှက် မပေးပါဟူသည့် သဘောဖြင့် ပြောလိုက်သည်။ ဥမ္မာက လှလှပပလေး ပြုံးလိုက်လေသည်။

"ညီမလေး လာနေလည်း ရပါတယ်ကွယ်၊ လွတ်လပ်တယ် ဆိုတာလည်း

မမအတွက် အလကားပါပဲ၊ မမကိုရတဲ့ လူကတော့ ကံကောင်းချင် ကောင်းမယ်၊ မမကတော့ အင်း မမကတော့"

"ဘာတွေ ပြောနေတာလဲ ဥမ္မာ"

စောစောက ကြင်နာယုယသလောက် အမျိုးသား၏အသံက တင်းမာ၍ နေလေသည်။ အေးငြိမ်းက ထိတ်ထိတ်ပျာပျာဖြင့် ထိုသူ့မျက်နှာကို မော့ကြည့်မိသည်။ သူ့မျက်နှာက ပြတ်သား မာကျောနေသည်။ ဥမ္မာထက် အသက်ကြီးပုံရပြီး မြင့်မားတုတ်ခိုင်သော ခန္ဓာကိုယ်ရှိလေသည်။

"ညီမလေး သွားချင်သွားတော့နော်၊ နောက်တော့ မမ ခေါ်လိုက်ပါ့မယ်"

အေးငြိမ်းက သူတို့အပါးမှ ခွာခဲ့သည်။ သူတို့နှစ်ယောက် ရန်မဖြစ်ပါစေနှင့်ဟု အေးငြိမ်းက ဆုတောင်းမိသည်။ သည်လိုနေရာမျိုးတွင် အမျိုးသမီးနှင့် အမျိုးသား နှစ်ယောက်တည်းလာပြီး ကတောက်ကဆ ဖြစ်သွားကြရသည်ဟူ၍ အေးငြိမ်း မကြားဖူးသေး။ ယခုမှ အထူးအဆန်း မြင်တွေ့နေရသည်။ ဥမ္မာ့မျက်နှာပေါ်မှ မကျေနပ်ဟန်၊ နားကြည်းဟန်လေးများကို မြင်ယောင်ရင်း လှလှပပ ချမ်းချမ်းသာသာ နေရပြီး အလိုမပြည့်တဲ့ သူတွေလည်း ရှိနေပါသေးလားဟု အေးငြိမ်း တွေးနေမိ၏။

ခဏအကြာတွင် ခေါင်းရင်းအိမ်မှ ဆူဆူညံညံ အသံများ ထွက်လာတော့သည်။ ကက်ဆက်ကို အသံကုန်ဖွင့်၍ လက်ခုပ်များလည်း တီးနေကြသေးသည်။ ယောကျ်ားလေး သုံးလေးယောက်က အင်္ကျီချွတ်ပြီး ဘောင်းဘီတိုလေးများနှင့် ကမ်းစပ်ဆီသို့ ပြေးဆင်းသွားကြ လေသည်။ သူတို့၏ ရင်အုပ် ပြားချပ်ချပ်လေးများနှင့် နံရိုးပြိုင်းပြိုင်း တို့ကို ကြည့်ရသည်မှာ ယောကျ်ား မပီသလိုက်လေဟု အေးငြိမ်းက တွေးမိ၏။

"ငြိမ်းရိပ်သာ"တွင်မူ တိတ်ဆိတ်၍ နေလေသည်။ အိမ်အောက်မှ ကွပ်ပျစ်ပေါ်တွင် ဖျာကြမ်းကိုခင်းကာ ဘကြီးမောင်က ရေနွေးကြမ်း သောက်

နေသည်။ အေးအေးဆေးဆေး နေတတ်သော ဧည့်သည်များ ရောက်လာသည့်အတွက် ဘကြီးမောင်က ကျေနပ်၍နေ၏။ အေးငြိမ်းစိတ်ကမူ သူတို့နှစ်ယောက် အဆင်မှ ပြေပါ့မလားဟု မဆီမဆိုင် တွေးပူနေမိလေသည်။ သူတို့ကို ကြည့်ရသည်မှာ ညားခါစ ဇနီးမောင်နှံပင် ဖြစ်ဟန်တူသည်။ ငွေကြေးလည်း ချမ်းသာပုံရသည်။ စိတ်ချမ်းသာ မချမ်းသာကိုမူ အေးငြိမ်းမသိရ။ မမဥမ္မာသည် တစ်စုံတစ်ရာကို မကျေမနပ် ဖြစ်နေသည်မှာတော့ ထင်ရှားလေသည်။

ထိုစဉ် ဥမ္မာက လှေကားမှ ဆင်းလာသည်။ အင်္ကျီလည်ဟိုက် ပွင့်ရိုက်လေးကို ဝတ်ကာ ခါးထိ ရှည်လျားသော ဆံပင်ကို ဖြန့်၍ချထားသည်။ ကပိုကရိုနှင့် တစ်မျိုးချစ်စရာ ကောင်း၍ နေလေသည်။ သူက အေးငြိမ်းတို့နားသို့ ခပ်နွဲ့နွဲ့လေး လျှောက်လာသည်။

"ဆန်ဘယ်မှာ ဝယ်လို့ရမလဲ ဘကြီး"

"ဆန်လိုချင်လို့လား မမ၊ ကျွန်မ ဝယ်ပေးပါ့မယ်"

"အေးကွယ်၊ နောက်ဖေးမှာ ချက်စားလို့ ရပါတယ်နော်"

"ရပါတယ် ကလေးမ၊ အိုးတွေ ခွက်တွေလည်း ရှိတယ်၊ ကြိုက်သလို ချက်စားပါ၊ ရေတို့ ထင်းတို့ လိုချင်ရင်လည်း ဝယ်ပေးမယ်"

"မမကိုယ်တိုင် ချက်စားဖို့လား"

သူ့လက်ချောင်း နုနုလေးများကို ကြည့်ကာ အေးငြိမ်းက နှမြောနေမိသည်။ သေးသွယ် ပျော့ပျောင်းသော လက်ချောင်းလေးများမှ ရှည်လျားသော လက်သည်းလေးများကို ရွှေမင်ရောင် လက်သည်းဆိုးဆေးလေး ခြယ်ထားလေသည်။

"မမကိုယ်တိုင်ပဲ ချက်ရမှာပေါ့၊ ချက်ပေးမယ့်လူ ရှိရင်တော့ လိုချင်သား

ကွယ်"

"ကျွန်မတို့အမေက တခြားအိမ်တွေမှာတော့ မချက်ပါဘူး၊ ကိုယ့်အိမ်မှာ တည်းတဲ့သူ ဆိုရင်တော့ ကူညီတဲ့ အနေနဲ့ ချက်ပေးပါ့မယ်"

"အို ဟုတ်လား၊ ကျေးဇူး တင်ပါတယ်ကွယ်၊ ဒီလိုဆို ကိုအောင်ကို သွားပြောလိုက်ဦးမယ်"

ဥမ္မာက ဝမ်းသာသွားဟန်ဖြင့် အပေါ်သို့ အပြေးအလွှား ပြန်တက်သွားလေသည်။ အေးငြိမ်းသည် ဥမ္မာ့အပေါ် ချစ်ခင်နေမိသည်။ ဥမ္မာအလှကိုလည်း အားကျ၍နေသည်။ ဥမ္မာ၏ ပြုမူလှုပ်ရှားမှု အားလုံးသည် အေးငြိမ်းအတွက် စိတ်ဝင်စားစရာ၊ ငေးမောစရာဖြစ်၍ နေလေသည်။

ဥမ္မာနှင့် ကိုအောင် ဆိုသူတို့ ပြုံးရွှင်စွာ ဆင်းလာကြသည်။

"ညီမရေ ဒီညနေတော့ ဈေးလည်းဝယ်မိမှာ မဟုတ်တော့ဘူးနော်၊ မမတို့မှာ အသားဘူးတွေ ပါတယ်၊ ကြည့်သာ ချက်လိုက်ပါကွယ်၊ မနက်ဈေးဝယ်ဖို့လည်း ပိုက်ဆံယူထားနော်"

ဥမ္မာက အေးငြိမ်းလက်ထဲသို့ နှစ်ဆယ်တန်နှစ်ရွက်ကို လှမ်းပေးလေသည်။

"မမတို့ ရေသွားကူးဖို့လား"

"ဟင့်အင်း၊ ကိုအောင်ကတော့ ကူးချင်ကူးလိမ့်မယ်"

"ဘာမှ မဟုတ်ဘူးဟော့၊ ပင်လယ်ရေချိုးရင် အသားမည်းမှာ စိုးလို့တဲ့၊ အစ်ကိုကတော့ ဘယ်ရမလဲ၊ ရေထဲ အတင်းဆွဲချမှာ"

"ငပလီရောက်လို့မှ ရေထဲမဆင်းရင် ဘယ်လာရကျိုး နပ်မလည်း ကလေးမရဲ့"

ဘကြီးမောင်ကပါ ဝင်ပြောသည်ကို ဥမ္မာက ပြုံးပြုံးလေး နားထောင်

နေသည်။

"ဥမ္မာကတော့ ပင်လယ်ပြင်ကြီးကို ငေးနေရရင် ကျေနပ်ပါပြီ"

ကိုအောင့်မျက်နှာက အနည်းငယ် တည်သွားလေသည်။

"ကဲ သွားကြစို့ ဥမ္မာ"

"ညီမလေးကော လမ်းလျှောက်လိုက်ခဲ့ ပါလားကွယ်"

"နေပါစေ မမဥမ္မာ၊ ကျွန်မအမေ့ကို ကူလုပ်ပေး လိုက်ဦးမယ်"

"ဘာမှ ထွေထွေထူးထူး မလုပ်နဲ့နော်၊ မမတို့ ဖြစ်သလို စားနိုင်တယ် ညီမ"

အေးငြိမ်းသည် သူ့နဂိုဟန်အတိုင်း ခပ်နွဲ့နွဲ့လေး လျှောက်သွားသော ဥမ္မာကို မျက်စိတစ်ဆုံး ငေး၍ ကြည့်နေမိလေသည်။

***

"အမယ်လေး မအေးငြိမ်းရေ ပြောရဦးမယ်"

"ဘာများလဲ မြနုရယ် အလန့်တကြား"

"ဝါဝါဝင်းရွှေလေ ဝါဝါဝင်းရွှေ"

"ဝါဝါဝင်းရွှေ တွေ့ခဲ့ရပြီလား၊ တော်တော်လှလား"

"အမယ်လေး လှတော့ လှပါရဲ့ မအေးငြိမ်းရယ်၊ သူ့မှာ ယောက်ျားကြီးနဲ့တဲ့"

ရိုးသားပွင့်လင်းသော မြနုအပြောကို အေးငြိမ်းက သဘောကျစွာ ရယ်မောမိသည်။

"ယောက်ျားကြီးနဲ့ကော ဘာဖြစ်လဲ မြနုရဲ့"

"မသိပါဘူး၊ ရုပ်ရှင်မင်းသမီးဆို အပျိုချည်းပဲလားလို့"

သူ့ဘာသာပြောပြီး မြနုကလည်း ရယ်မောသည်။

"အေးငြိမ်းတို့ အိမ်ပေါ် ဧည့်သည်တွေ ရောက်နေပြီဆို"

"အေး ရောက်နေပြီ၊ တို့အစ်မကလည်း ဝါဝါဝင်းရွှေလောက်တော့ လှတာပဲ၊ တော်တော်ချစ်စရာ ကောင်းတယ်"

အေးငြိမ်းက ဥမ္မာကို တကယ်ပင် ချစ်မြတ်နိုးစိတ်ဖြင့် ကြွား၍ပြောလိုက်သည်။ အေးငြိမ်းနှင့် မြနုသည် ငယ်ရွယ်သူ မိန်းကလေးများပီပီ၊ မိန်းမလှများ အကြောင်းကို စိတ်ဝင်စားကြသည်။ အေးငြိမ်းအပြောကြောင့် ငြိမ်းရိပ်သာပေါ်မှ မိန်းမလှ တစ်ယောက်အကြောင်းကို မြနုလည်း စိတ်ဝင်စားသွားသည်။

"ဟုတ်လား၊ ဧည့်သည်တွေက ဘယ်နှယောက်လဲ"

"နှစ်ယောက်တည်း"

"ဟန်းနီးမွန်း ထွက်လာကြတာပေါ့ နော်"

ခေတ်မီသော မြနုစကားကို အေးငြိမ်းက ပြုံးလိုက်သည်။

"ဟုတ်မှာပေါ့၊ ဒါပေမဲ့ဟယ်"

"ဒါပေမဲ့ ဘာဖြစ်လဲ မအေးငြိမ်းရဲ့"

"ဒါပေမဲ့ အစ်မကြည့်ရတာ ပျော်ပုံမရပါဘူး"

အေးငြိမ်းသည် ဥမ္မာ့အလှ၊ ဥမ္မာ အမူအရာ၊ လှုပ်ရှားသွားလာပုံနှင့် စကားပြောပုံ လေးများကိုပါ ပြန်လည်ဖောက်သည် ချနေလေသည်။

"ဒီလိုဆိုတော့ မအေးငြိမ်းရယ်၊ အဲဒီအစ်မက ဟိုလူကြီးကို မချစ်ဘဲနဲ့ ယူထားရတာများလား မသိဘူးနော်"

အငြိမ်းသည် သူ့ထက် တွေးတွေးဆဆ ပြောနေသော မြနုစကားကို ငေးမော နားထောင်နေမိသည်။ အေးငြိမ်းသည် အချစ်နှင့် အိမ်ထောင်ရေး အကြောင်းကို တစ်ခါမျှ မတွေးခဲ့မိဖူးပေ။ အိမ်ထောင်ပြုကြသည်မှာ ချစ်လို့

အိမ်ထောင်ပြုကြခြင်း သာဟု မှတ်ယူခဲ့မိသည်။ မချစ်ဘဲနှင့်လည်း အိမ်ထောင်ပြုရ တတ်ပါကလားဟု ယခုမှပင် တွေးမိလေသည်။

အေးငြိမ်းက ပုစွန်ခြောက်နှင့် မှျင်ငါးပိ ရောစပ်တည်ထားသော ဟင်းချိုအိုး ထဲသို့ မြနု ဆေးပေးသော ကင်ပွန်းချဉ်ရွက်များကို ခတ်လိုက်သည်။ ဥမ္မာတို့အတွက် ငါးသေတ္တာဘူးကို ဖောက်၍ကြော်ကာ ခြံထွက် ကင်ပွန်းချဉ် ရွက်ကို ဟင်းချိုချက်ပေးထားသည်။ အမေကမူ အဖေကြိုက်တတ်သော ငါးပိသုပ်ကို ပယ်ပယ်နယ်နယ် သုပ်လျက်ရှိသည်။ အဖေရှိစဉ်ကပင် အမေ့ လက်ရာ ငါးပိသုပ် စားကောင်းကြောင်း ပြောခဲ့ဖူးသဖြင့် ထမင်းစားတိုင်း ငါးပိသုပ် ကျွေးရသည်မှာ အမော။

မြနုက အေးငြိမ်းကို ကူညီ၍ လုပ်ကိုင်ပေးလျက်ရှိသည်။ အေးငြိမ်းနှင့် မြ နုတို့ စကားတွတ်ထိုး နေကြသည်ကို အမေက ဘာမျှဝင်မပြော။ ကောင်းစွာ လည်း ကြားဟန်မတူ။ အမေသည် တစ်စုံတစ်ခု လုပ်နေလျှင် ဘေးလူက ဘာပြော၍ပြောမှန်း သိသူ မဟုတ်ပေ။

အေးငြိမ်းတို့ ချက်ပြုတ်ပြင်ဆင် ပြီးချိန်လောက်တွင်မှ ဥမ္မာတို့ ပြန် ရောက်လာကြသည်။ ကိုအောင့်ကိုယ်ပေါ်တွင် ဘောင်းဘီတိုလေး တစ် ထည်သာ မြင်ရသည်။ ရေးကူးလာဟန် တူပေသည်။ ဥမ္မာကိုလည်း သူ ပြောခဲ့သည့်အတိုင်း ရေထဲ အတင်းဆွဲချခဲ့ပုံ ရသည်။ အဝတ်အစား အပြည့်အစုံဖြင့်ပင်၊ ဥမ္မာ့တစ်ကိုယ်လုံး ရွှဲရွှဲစိုနေလေသည်။ ရေစိုအဝတ် နှင့် ဥမ္မာကိုယ်လုံးက ပို၍ ထင်ရှားပေါ်လွင် နေ၏။ မြနုက ဥမ္မာကို မျက်တောင်မခတ်ဘဲ စေ့စေ့စပ်စပ် ကြည့်နေလေသည်။

"ကိုအောင် သိပ်ဆိုးတာပဲကွယ်၊ မမကို ရေထဲ အတင်းဆွဲခေါ်တာ ရေတွေ ပါးစပ်ထဲတောင် ဝင်တယ်၊ ငန်လိုက်တာ လွန်ပါရော၊ သဲတွေကလည်း တ အားပဲ"

ဥမ္မာသည် ရေစဉ့်အိုး ရှိရာသို့ သွားပြီး အင်္ကျီများကိုချွတ်ကာ ထဘီကို ရင်ရှားလိုက်သည်။ စဉ့်အိုးထဲတွင် ရေအပြည့်မရှိ၍ အေးငြိမ်းက ထခပ်ပေး ရကောင်းနိုး စဉ်းစားနေမိသည်။ ထိုအချိန်တွင် ကိုအောင်က ဆပ်ပြာခွက် နှင့် ရေခွက်၊ မျက်နှာ သုတ်ပဝါတို့ကိုယူကာ အိမ်ပေါ်မှ ဆင်းလာလေသည်။ ဆပ်ပြာခွက်နှင့် မျက်နှာသုတ်ပဝါကို ဥမ္မာ့အား လှမ်းပေးကာ သူက ရေပုံးတစ်ပုံးယူ၍ ရေတွင်းမှ ရေကိုခပ်သည်။ ဥမ္မာချိုးမည့် စဉ့်အိုးထဲသို့ ရေကို ဖြည့်ထည့်ပေးသည်။ မီးဖိုဆောင်က အိမ်မကြီးထက် တစ်ဆင့်နိမ့်၍ ဥမ္မာတို့ နှစ်ယောက်ကို အေးငြိမ်းတို့က အတိုင်းသား မြင်နေရလေသည်။

"ကောင်းကောင်း လှတာပဲနော်၊ အသားကလည်း ဖြူမှ ဖြူပဲ၊ ကျွန်မသာ ယောကျ်ားလေး ဆိုရင်လည်း သူ့ကိုယူမှာ"

မြနုက ဥမ္မာကိုကြည့်ရင်း ပြောလိုက်သည်။ စဉ့်အိုးထဲမှ ရေကိုခပ်ကာ ကိုယ်ပေါ်သို့ လောင်းချလိုက်တိုင်း လျှောကျလုလု ဖြစ်နေသော ထဘီ အထက်ဆင့်များမှ အသားစိုင် ဝင်းဝင်းလေးက လှုပ်ရှားသွားတတ်လေ သည်။

"မြနုရေ မြနု၊ ပြန်လာခဲ့ပါဦး၊ ဒီမှာ ကလေးမနေလို့"

မြနုတို့အမေ၏ လှမ်းခေါ်သံကြောင့် မြနုမှာ အပြေးအလွှား ဆင်းသွားရ သည်။ မြနုအောက်တွင် ဆယ်နှစ်ရွယ် မိန်းကလေး တစ်ယောက်နှင့် နို့စို့ ရွယ် ယောကျ်ားလေး တစ်ယောက်ရှိသည်။ မြနု၏ အဖေသည်လည်း တစ်ခါတစ်ရံ တံငါလှေနှင့် ငါးဖမ်းလိုက်တတ်ပြီး ကျန်အချိန်များတွင် သူတို့ ဆွေမျိုးများ ပိုင်ဆိုင်သော အုန်းခြံများတွင် အလုပ်သွားလုပ် နေတတ်သည်။ မြနုတို့ အမေသည် ကလေးအငယ် နှစ်ယောက်နှင့် အိမ်အလုပ်ကိုပင် အနိုင်နိုင်ဖြစ်၍ နေလေသည်။

ဥမ္မာသည် အိမ်ပေါ်တက်ကာ သနပ်ခါးရေကျဲလေး လိမ်း၍ ပြန်ဆင်း

လာသည်။ စွပ်ကျယ်လို ဆွယ်တာ လက်ပြတ်လေးကို ဝတ်ထား၍ ရင်သားများက တင်းတင်းရစ်ရစ် ဖြစ်၍နေကြသည်။ ဆံပင်ကို ဖြန့်၍ပင် ချထားလေသည်။

"မမ ထမင်းဆာပြီလား၊ အပေါ်မှာ စားဖို့လား အောက်မှာ စားဖို့လားဟင်"

"အောက်မှာပဲ စားပါ့မယ်ကွယ်"

ကိုအောင်သည် ပုလင်းတစ်လုံးနှင့် ဖန်ခွက်ကိုကိုင်ကာ အိမ်ပေါ်မှ ဆင်းလာလေသည်။

"ဟင် ကိုအောင် ဒါတွေ လုပ်ဦးမလို့လား"

"ထမင်းစားကောင်း အောင်ပါကွာ"

အေးငြိမ်းတို့ ပြင်ဆင်ပေးသော ထမင်းဝိုင်းတွင် သူတို့ နှစ်ယောက်ထိုင်ကာ တိတ်တိတ်ဆိတ်ဆိတ် ထမင်းစားကြသည်။ ဘကြီးမောင်က သူ့ထုံးစံအတိုင်း ညှော်သည်များအတွက် လိုအပ်သည်များကို မေးမြန်း ဖြည့်စွမ်းရန် လာရောက်ကြည့်ရှုသည်။

"လာ လာ အဘ၊ တစ်ခွက်လောက် လုပ်ပါဦး"

ကိုအောင်က ဖန်ခွက်ကို ဘကြီးမောင်ဆီ လှမ်းပေးသည်။

"နေပါစေမောင် နေပါစေ၊ ရေခဲလေး ဘာလေး လိုချင်ရင် အိမ်ရှေ့ကသူငယ်တစ်ယောက်ကို ဝယ်ခိုင်းရင် ရတယ်ကွဲ့"

"ဟုတ်ကဲ့ခင်ဗျာ၊ ခုတော့ မလိုတော့ပါဘူး"

ဥမ္မာသည် ထမင်းကို ဖြည်းဖြည်းဆေးဆေး စားလျက်ရှိလေသည်။ ကိုအောင်က ထမင်း မစားသေးဘဲ ဖန်ခွက်ထဲမှ ဝါဝါအရည်ကို တစိမ့်စိမ့် သောက်နေလိုက်သည်။

သူတို့ ထမင်းစားပြီးချိန်တွင် မှောင်စပျိုးလျက်ရှိပြီ။ ပင်လယ်ပြင်သည်

အစိမ်းရောင်မှ အပြာရင့်ရောင်သို့ ကူးလျက် ရှိလေပြီ။

***

"မင်းဟာ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲနေတာပဲ ဥမ္မာ၊ စိတ်ညစ်စရာဆိုတာ မင်းအတွက် ဇိမ်ခံပစ္စည်း တစ်မျိုး ဖြစ်နေပြီ၊ စိတ်ညစ်စရာကို မင်းကြံဖန် မွေးယူနေတာပဲ"

နေရောင်ခြည် နုနုသည် ဥမ္မာ့မျက်နှာပေါ်သို့ ဖြာ၍ကျနေလေသည်။ ဝရန်တာကို တင်ပါးလွှဲထိုင်ကာ ပင်လယ်ပြင်ဘက်သို့ နေသည်။ ဖြန့်ချထားသော ဆံပင်များက မျက်နှာတစ်ခြမ်းကို အုပ်၍နေ၏။ ကိုအောင်က ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာ ခြေထောက်အစုံကို ရှေ့မှ ခွေးခြေပေါ်သို့ ပစ်တင်ထားသည်။ သူ့ဘေးမှ စားပွဲငယ်ပေါ်တွင် စီးကရက်ဘူးနှင့် မီးခြစ်ကို ချထားပြီး သူကိုယ်တိုင်ကလည်း စီးကရက် တစ်လိပ်ကို ဖွာလျက်ရှိ၏။

"မမ အုန်းသီး ဘယ်နှလုံး ယူဖို့လဲတဲ့ ဘကြီးက မေးခိုင်းလို့"

အေးငြိမ်းက မရဲတရဲ လှမ်းပြောလိုက်သည်။ ဥမ္မာ့မျက်နှာ အလှည့်လိုက်တွင် ဆံပင်တချို့က နောက်သို့ ဝဲကျသွားသည်။

"ကိုအောင် အုန်းသီး ဘယ်နှလုံး ယူမှာလဲ"

ကိုအောင့်ကို မကြည့်ဘဲ မေးလိုက်သည်။

"လေးလုံးလောက်ပဲ တော်ပြီပေါ့"

ကိုအောင်က လှည့်ပြော၏။

အေးငြိမ်းက ခြေကို ဖွဖွနင်းကာ ပြန်ဆင်းလာခဲ့သည်။

"စိတ်ညစ်စရာဆိုတာ ဇိမ်ခံပစ္စည်းတဲ့"

အေးငြိမ်းသည် သူကြားခဲ့ရသော စကားဆန်း တစ်ခွန်းကို တီးတိုးရေရွတ်

နေမိလေသည်။ အေးငြိမ်းသည် သံတွဲတွင် မွေးသော်လည်း စကားမပဲ။ မြန်မာစကားနှင့် မြန်မာစာကို ကောင်းကောင်း နားလည်သည်။ ကောင်းကောင်း ခံစားတတ်သည်။ သို့ပါလျက် ကိုအောင်ဆိုသူ ပြောလိုက်သော စကားတစ်ခွန်းကို အေးငြိမ်းနားမလည်။ မမဥမ္မာသည် စိတ်ညစ်စရာကို ဇိမ်ခံပစ္စည်းအဖြစ် မွေးယူနေသည် ဆိုပါလား။

တစ်ဖက်အိမ်မှ လူရွယ်တစ်စုသည် ကမ်းခြေသို့ ပြေးဆင်းသွားကြသည်။ ကျားကျားလျားလျား ရေကူးတတ်မည့်သူ ဟူ၍လည်း တစ်ယောက်မျှ မမြင်ရ၊ ရေကူးဘောင်းဘီများကိုမူ ဟန်ပါပါ ဝတ်ထားကြ၏။ ဘောကွင်းများကိုလည်း လည်ပင်းတွင် စွပ်သွားကြလေသည်။

ကိုအောင်နှင့် ဥမ္မာတို့ အိမ်ပေါ်မှ ဆင်းလာကြသည်။

"ညီမရေ မမနဲ့ ဘိချ်ကို လိုက်ခဲ့ပါလားကွယ်"

ကမ်းခြေသို့ လိုက်ခဲ့ရန်ခေါ်မှန်း အေးငြိမ်း နားလည်၏။

"လိုက်ခဲ့စမ်းပါကွာ မင့်အစ်မက ရေလည်းမကူးတတ်ဘူး ကြောက်လည်း ကြောက်တတ်တယ်၊ အစ်ကို ရေကူးရင် သူပျင်းနေမှာစိုးလို့"

ကိုအောင်ကပါ အေးငြိမ်းဘက်လှည့်၍ အကူအညီ တောင်းသလို ပြောသည်။

"သွားနှင့်ပါမမ၊ ကျွန်မ လိုက်ခဲ့ပါ့မယ်"

"တကယ်လိုက်ခဲ့နော် ညီမလေး"

ဥမ္မာက အေးငြိမ်းကို သေချာအောင် ထပ်ပြောရင်း ကိုအောင်နောက်မှ လိုက်သွားလေသည်။ အေးငြိမ်းက သက်ပြင်းတစ်ချက်ကို မသိမသာချမိရင်း လုံချည်လဲရန် အိမ်ငယ်လေးပေါ်သို့ တက်ခဲ့သည်။ ကျောင်းပိတ်၍ ခေါက်သိမ်းထားသော လုံချည်များထဲမှ တစ်ထည်ကို ဆွဲယူကာ လဲလှယ်

လိုက်သည်။ မမဥမ္မာနဲ့ ယှဉ်သွားရင်တော့ ငါက သိပ်ရုပ်ဆိုး နေမှာပဲဟု တွေးလိုက်မိသေးသည်။

နေခြည်နုကြောင့် သဲပြင်သည် နွေး၍နေ၏။ ပင်လယ်ရေနှင့် နီးသွားလေ သဲပြင်က အေး၍ ပြန့်ပြူးသွားလေလေ ဖြစ်သည်။ ပင်လယ်လှိုင်းများ တက်လာချိန်တွင် သဲပွင့်လေးများသည် လှိုင်းနှင့်ရောထွေးကာ ကခုန်မြူးထူး နေဟန်ရှိ၏။ လှိုင်းက တဖြည်းဖြည်း ပြန်ဆုတ်သွားသော် သဲပွင့်လေးများသည် သိပ်သည်းငြိမ်ဝပ်စွာ နေရစ်ခဲ့ကြ၏။ လှိုင်းပြန်အပုတ်တွင် သူတို့တစ်ဖန် ကခုန်ကြပြန်၏။ ရေလှိုင်းနှင့် ထိတွေ့နေရသော သဲပွင့်လေးများသည် နေခြည်အောက်က သဲပွင့်လေးများလို နွေးနွေးထွေးထွေး မရှိ။ သူတို့ဘဝက ပို၍ ကြမ်းတမ်းလေသည်။

စိတ်ညစ်စရာကို ဖိမ်ခံပစ္စည်းလို မွေးမြူတတ်သော ဥမ္မာသည် နေခြည်နုနုအောက်တွင် ရပ်ကာ ပင်လယ်လေကို တစ်ဝကြီး ရှူသွင်းနေလေသည်။ ဖော့ကရစ်လုံချည် ပျော့ပျော့သည် လေအဟုန်တွင် လွင့်လိုဟန်ရှိသည်။ ဥမ္မာက ဒူးဆစ်နားကို လက်တစ်ဖက်ဖြင့် ဖိထားသည်။ နေကာမျက်မှန်ကြီးကို တပ်၍ထားသဖြင့် ဥမ္မာမျက်လုံးများကို မမြင်ရ။ အဝေးသို့ ငေးနေဟန်ရှိလေသည်။

"ဟော ညီမလေး လိုက်လာပြီ၊ ကိုအောင့်ကို ကြည့်ပါဦးကွယ်၊ အဝေးကြီးပဲ ကူးသွားလိုက်တာ၊ ဟိုကျွန်းကလေးကို ရောက်တော့မယ်၊ မတော်တဆဖြစ်သွားရင် ဒုက္ခနော်"

ဥမ္မာက ကိုအောင် ကူးခတ်သွားရာသို့ လက်ညှိုးညွှန်ပြရင်း ခပ်ညည်းညည်းလေး ပြောလိုက်သည်။

"မမက စိုးရိမ်လို့လားဟင်"

အေးငြိမ်းက ဥမ္မာ့မျက်နှာလေးကို ကြည့်ကာ ရယ်ကျဲကျဲ အမူအရာ

လေးဖြင့် မေးလိုက်သည်။ ဥမ္မာက အေးငြိမ်းကို ပြုံး၍ကြည့်သည်။ အေးငြိမ်းက အရပ်မြင့်၍ ဥမ္မာနှင့် တန်းတူလောက် ရှိနေသည်။

"စိုးရိမ်ရမှာပေါ့ ညီမရယ်၊ ဟုတ်ဘူးလား"

ဥမ္မာစကားက တွေးစရာ ပါနေမှန်း သိသော်လည်း ဘယ်လိုတွေးယူ ရမည်ကို အေးငြိမ်းမသိ။ "စိုးရိမ်တာပေါ့"ဟု ရိုးရိုးပြောလိုက်လျှင် အေးငြိမ်း ကောင်းစွာနားလည် နိုင်သည်။ မမက အစ်ကိုကို မချစ်ဘူးလားဟု အေးငြိမ်းစိတ်ထဲက မေးလိုက်ချင်နေသည်။

"ညီမလေးက ကျောင်းနေသလား"

အေးငြိမ်းက ခေါင်းညိတ်ပြသည်။

"ဘယ်နှတန်း ရောက်ပြီလဲ ဟင်"

"ရှစ်တန်း ဖြေထားပါတယ် မမ"

ဥမ္မာက အေးငြိမ်းလက်ကလေးကို ခင်မင်ရင်းနှီးစွာ ဆုပ်ကိုင်လိုက်သည်။ လက်ကလေးများက နူးနယ်လိုက်တာဟု အေးငြိမ်း တွေးမိပြန်သည်။ အေးငြိမ်းကို ချစ်ချစ်ခင်ခင် ဆက်ဆံ ပုံလေးများကိုလည်း တအံ့တဩ ဖြစ်နေမိသည်။

"မမကို တစ်ခုလောက် ကူညီစမ်းပါ ညီမရယ်"

"ပြောပါမမ ကျွန်မ ဘာလုပ်ပေးရမလဲ"

ဥမ္မာက အေးငြိမ်းမျက်နှာလေးကို အားကိုးတကြီးကြည့်ကာ ပြောလိုက်သည်။

"မမကို စာတစ်စောင် ထည့်ပေးစမ်းပါနော်"

ဒီလောက်ကလေးကို အရေးတကြီးဟန်ဖြင့် ပြောနေသော ဥမ္မာကို အေးငြိမ်း နားမလည်ပေ။ ဥမ္မာမျက်လုံးများသည် တစ်စုံတစ်ရာကို မရိုး

မသား ကျူးလွန်ရသည့် ပုံသဏ္ဍာန် ပေါ်နေလေသည်။

"ထည့်ပေးပါ့မယ် မမ၊ စာတိုက်က ဒီကမ်းခြေအတိုင်း လျှောက်သွားရင် ရောက်ပါတယ်၊ အခု သွားထည့်ပေးရမလား"

"ဒီလိုဆို မမနဲ့ ခုပဲ လျှောက်သွားလိုက်ရအောင်"

နေခြည်နုနုအောက်မှ သဲပြင်နွေးနွေးပေါ်တွင် ဥမ္မာသည် အပြေးကလေး လျှောက်သွား နေလေသည်။ သည်လိုတော့လည်း ဥမ္မာ လမ်းလျှောက်တာ မြန်လိုက်တာဟု တွေးရင်း အေးငြိမ်းက အမီလိုက်နေရသည်။

ပေါင်ဖြူဖြူ မိန်းကလေးနှစ်ဦး ကမ်းစပ်သို့ ပြေးဆင်းလာလေသည်။ သဲဖြူဖြူပေါ်တွင် အပေါ်အင်္ကျီကို ချွတ်ပုံလိုက်သည်။ ဗိုက်သား ဝင်းဝင်းလေးများ ပြူထွက်လာကြ၏။ တော်ရုံ မလှဘဲနှင့်တော့ အတွင်းသားများကို လှစ်ပြဝံ့ဖို့မလွယ်။ ချက်စူစူလေးကအစ၊ ပေါင်ရင်း အိအိလေးကအစ လှနေမှ။ ဆံပင်ဖားဖားလေးများကို လေတွင် တစ်ချက်ဝှေ့လိုက်ရင်း ပင်လယ်ထဲ ပြေးဆင်းသွားကြလေသည်။

နေကာမျက်မှန် တပ်ထားသော လူရွယ်တစ်ယောက်က တူရူမှ လျှောက်လာလေသည်။ သူ့အင်္ကျီနှင့် ဘောင်းဘီပေါ်တွင် အိတ်ကပ်တွေ အပြည့်ရှိနေသည်။ ပြာမွဲမွဲ ဝတ်စုံပေါ်တွင် ချုပ်ရိုးဖြူဖြူတွေက ထင်းနေသည်။ သူ့ဟန်ပန်ကတော့ တစ်လောကလုံးမှာ တင့်တယ်လှပဆုံးသော အဆောင်အယောင်ကို ဆင်ယင်လာသည့် ပုံမျိုး။

"ရောက်ခါနီးပြီလား ညီမရေ"

"ရောက်တော့မှာပါ မမရဲ့၊ မမ မောရင် နေခဲ့လေ၊ ကျွန်မ သွားထည့်လိုက်ပါ့မယ်"

"မဆောပါဘူးကွယ်၊ လမ်းလျှောက်လို့ ကောင်းပါတယ်၊ ကိုအောင်များ စောင့်နေမလားလို့"

"ဒီလိုဆို မမ ဖြည်းဖြည်းပြန်လျှောက်နှင့်၊ ကျွန်မ ပြေးထည့်ပြီး ပြေးလိုက်ခဲ့မယ်"

ဥမ္မာက သူ့ ဘလောက်စ် အင်္ကျီအိတ်ကပ် ကလေးထဲမှ တစ်စောင်ကို ထုတ်ယူလိုက်သည်။

"သေသေချာချာ ထည့်နော် ညီမ"

"စိတ်ချပါ မမရဲ့"

အေးငြိမ်းက စာအိတ်လေးကို ကိုင်ရင်း စာတိုက်ဘက်သို့ အပြေးကလေး လျှောက်သွားသည်။ တုတ်တုတ်ခိုင်ခိုင် ကျစ်ကျစ်လျစ်လျစ်ရှိသော အေးငြိမ်း ခန္ဓာကိုယ်လေးသည်လည်း ငပလီအလှနှင့် ပန်းရနေလေသည်။

အေးငြိမ်းက စာကို စာတိုက်ပုံးထဲ မထည့်မီ စာအိတ်ပေါ်က လိပ်စာကို အမှတ်တမဲ့ ဖတ်ကြည့်လိုက်သည်။

ကိုပြည့်မောင်

အေးငြိမ်း အနည်းငယ် မျက်မှောင် ကြုတ်သွားမိ၏။

ကိုပြည့်မောင်

တစ်ဆင့်/ ရွှေဇင်ဦး စာအုပ်တိုက်

၃၂ လမ်း၊ ရန်ကုန်မြို့။

စာတိုက်ပုံး အပေါက်မှ အတားအဆီးလေးကို တွန်းကာစာကို ထည့်လိုက်ပြီး အေးငြိမ်း ပြန်လာခဲ့သည်။ ဥမ္မာသည် ရေစပ်မှ ကျောက်ဆောင်လေး တစ်ခုပေါ်တွင် ထိုင်ကာ အေးငြိမ်းကို စောင့်နေလေသည်။ အေးငြိမ်းစိတ်ထဲ ကမူ ကိုပြည့်မောင်၊ ကိုပြည့်မောင်ဟူသည့် နာမည်ကို ရေရွတ်လာခဲ့

မိသည်။ ထူးခြားသယောင်ရှိသော သည်နာမည်ကို အေးငြိမ်း မှတ်မိသွားလေသည်။

နေခြည်ထွေးထွေးတွင် အပန်းဖြေသူတွေ ပို၍များလာ၏။ ပလင်ပင်များကြားမှ ဘောင်းဘီတိုလေး တစ်သိုက် ပြေးထွက်လာကြသည်။ အပေါ်ပိုင်းတွင် ဘရာစီရာလေးများကို သိုင်းထားကြသည်။ ဘောင်းဘီတိုနှင့် ဘရာစီယာကြားတွင် ချက်ကလေးများ ပြူထွက်နေကြ၏။ ဖြူဖြူဝါဝါ၊ ညိုညိုမည်းမည်း အရောင်စုံ၏။ မိန်းကလေးများက လွတ်လပ်ခြင်း၏ အရသာကို ခံစားရ၍ ကျေနပ်နေပုံရသည်။ ယောက်ျားလေးများကလည်း လွတ်လပ်ခြင်းမှ ရသောဆုကို ကျေနပ်စွာ လက်ခံကြ၏။ လူကြီးများက ဣန္ဒြေရရ လမ်းလျှောက်နေကြသည်။ ပင်လယ်လေသည် အားလုံးကို လန်းလန်းဆန်းဆန်း ဖြစ်စေသည်မှာတော့ အမှန်ဖြစ်လေသည်။

"ဟော ကိုအောင်တောင် ရေကူးပြီးသွားပြီ"

ကိုအောင်က ဘောင်းဘီရေစိုလေးဖြင့် ရေထဲမှ တက်လာသည်။ ရင်ဘတ်တွင် အမွေးရှည်ကြီးများ ရှိနေသည်ကို အေးငြိမ်းက မရဲတရဲတစ်ချက် လှမ်းကြည့်မိသည်။

"ဥမ္မာတို့ သွားလိုက်တာ အကြာကြီးပဲ၊ ဘယ်သွားတာလဲ"

ကိုအောင်က သဲပေါ်တွင် တုတ်စိုက် မှတ်သားထားသော နေရာမှ ပုဆိုးကို ယူကာ ခေါင်းမှ စွပ်ချလိုက်ရင်း မေးသည်။

"ဟိုလေ ညီမနဲ့ လမ်းလျှောက်ရင်း အဲစကားပြောရင်း လျှောက်သွားလိုက်ကြတာ ကိုအောင်ရဲ့ ဟိုဘက်ကလည်း သိပ်စည်တာပဲ၊ လူတွေအများကြီး၊ ကျောက်ဆောင်တွေလည်း ရှိတယ်၊ သိပ်သာယာတာပဲ၊ ညနေကျရင် တစ်ခေါက် လျှောက်ကြရအောင်နော်"

ဥမ္မာက ရယ်ကာပြုံးကာဖြင့် ရွှန်းရွှန်းဝေအောင် ပြောနေပြန်သည်။ အေးငြိမ်းက ဥမ္မာကို နားမလည်စွာ ကြည့်နေမိသည်။ လှပ၍ ချစ်စရာကောင်းသော မမဥမ္မာသည် ပရိယာယ်စကားကိုလည်း သုံးတတ်ပေ၏။ တစ်စုံတစ်ရာကို ဖုံးကွယ်ရန်လည်း ကြိုးစနေသည်။ မမဥမ္မာ အပြစ်တစ်ခုခုကို ကျူးလွန်လေသည်လားဟု အေးငြိမ်းတွေးနေ မိလေသည်။

***

ယူဘီအေကားကြီး ဆိုက်လာပြန်ချေပြီ။

ကားပေါ်မှ ပိန်ပိန် အရပ်မြင့်မြင့် လူငယ်တစ်ယောက် ခုန်၍ ဆင်းလိုက်သည်။ ပြီးမှ ပစ္စည်းအချို့ကို သယ်ချသည်။ သားရေသေတ္တာနှစ်လုံး၊ လက်ဆွဲအိတ်တစ်လုံး၊ ကက်ဆက်၊ အိပ်ရာလိပ်၊ စားပွဲတင်ပန်ကာမှစ၍ ပစ္စည်းသေးသေး ဖွဲဖွဲများပါ စုံစုံစေ့စေ့ ပါလာကြလေသည်။

ပစ္စည်းများချ၍ ပြီးစီးမှ အမျိုးသမီး ဝဝကြီးတစ်ယောက် ဆင်းလာသည်။ သူ့ခန္ဓာကိုယ်ကြီးကို မနည်း သယ်ချနေရ၍ သူ့သားဖြစ်ဟန်တူသူ လူရွယ်က ဖေးမပေးရသည်။ ဝဖိုင့်သော ကိုယ်ခန္ဓာကြီးနှင့် လိုက်ဖက်စွာ လုံချည်အနက်ခံပေါ်တွင် အပွင့်ကားကားကြီးကို ဝတ်ဆင်ထားသည်။ မြေကြီးနှင့် ခြေထောက် ထိခါနီးတွင် အနည်းငယ် ခုန်ချလိုက်ရသဖြင့် လက်ထဲမှ သားရေအိတ်ကြီးမှာ လှုပ်ခါ၍ သွားလေသည်။ အမျိုးသမီးကြီးနောက်မှ ပိန်ပိန်ရှည်ရှည် လူကြီးတစ်ယောက် ဆင်းလာသည်။ ပိန်လွန်း၍ လူကိုမမြင်ခင်၊ မျက်မှန်ဝိုင်းဝိုင်းကို အရင်မြင်လိုက်ရသည်။ ထိုနောက်မှ မိန်းကလေးတစ်ဦး သေးသွယ်သော ခန္ဓာကိုယ်ရှိ၍ အသားညို၏။ သားရေအိတ် ရှည်ရှည်လေးတစ်လုံးကို လွယ်ထားသည်။ ကားထွက်သွားမှ လူကုန်ပြီဟု အေးငြိမ်းက မှတ်ယူလိုက်၏။ ကားပေါ်တွင် ပစ္စည်းများနှင့် လူအချို့ ကျန်သေးသည်။ ကားက အခြားဌာနရိပ်သာ များဆီသို့ ထွက်ခွာသွားသည်။

မိသားစုလေးယောက်က အေးငြိမ်းတို့ အိမ်ဆီသို့ လျှောက်လာနေကြသည်။ ဘကြီးမောင်က စောင့်ကြည့်နေ၏။ အမျိုးသမီးကြီးက အိပက်အိပက်ဖြင့် လျှောက်လာကာ ဘကြီးမောင်ကို ကြည့်၍ ပြုံးပြလေသည်။ ပြီးမှ "နေဦး နေဦး"ဟု ဆိုကာ သားရေအိတ်ကြီးကို ဖွင့်၏။ သားရေအိတ်ကြီးထဲမှ အိတ်ငယ်ငယ်လေး တစ်လုံးကို ယူသည်။ အိတ်ငယ်လေးကို ဖွင့်ပြန်၏။ ပြီးမှ "ဘယ်ရောက်ပါလိမ့်"ဟု ရေရွတ်ကာ အိတ်ငယ်ကို ပြန်ထည့်လိုက်ပြီး အိတ်ကြီး၏ဘေးမှ ဇစ်ကလေးကို ဆွဲဖွင့်ပြန်သည်။

"မာမီကလည်း ကြာလိုက်တာ၊ ဘာမှန်းလဲ မသိဘူး"

မိန်းကလေးက ကွပ်ပျစ်ပေါ်တွင် ထိုင်၍ ကြည့်နေသော အေးငြိမ်းကို ဖျတ်ခနဲ လှမ်းကြည့်ကာ ပြောလိုက်သည်။

"နေပါဦးဟဲ့ နင့်ကိုကို ဆန်နီ ရေးပေးလိုက်တဲ့စာ၊ ဟောဟောဒီမှာ တွေ့ပြီ၊ ဒီမှာ ဒီမှာ"

အမျိုးသမီးကြီးက စာရွက်တစ်ရွက်ကို ဘကြီးမောင်လက်ထဲသို့ လှမ်းပေးလိုက်သည်။ သူ့ခင်ပွန်း ဖြစ်ဟန်တူသူ လူကြီးကမူ သူနှင့်ဘာမျှ မဆိုင်သလို ဘေးဘီမှ ရှုခင်းများကို လျှောက်ကြည့်နေလေသည်။

"ဟုတ်ကဲ့၊ ကျွန်တော့်ဆီလည်း စာရေးထားပါတယ်၊ ကဲ အိမ်ပေါ်တက်ကြပါဦး၊ မလေးရေ ဒီဘက်ခန်းမှာ နေရာချပေးလိုက်ပါ"

ဘကြီးမောင်က စာကိုဖတ်ပြီး အေးငြိမ်းဘက်သို့ လှည့်ကာပြောလိုက်သည်။ အေးငြိမ်းက ဘာကြောင့်မှန်းမသိ၊ သူတို့ပစ္စည်းများကို တစ်ခုမျှ ကူသယ်မပေးမိဘဲ အိမ်ပေါ်သို့ ရှေ့ဆုံးမှ တက်လာခဲ့သည်။ အေးငြိမ်းနောက်မှ ဧည့်သည်များက ပစ္စည်းများကို တစ်ယောက်တစ်လက် ဆွဲရင်း တက်လာကြသည်။ အမျိုးသမီးကြီးက လှေကားလက်ရန်းကိုကိုင်၍ တစ်လှမ်းတက်လိုက်တိုင်း "အမယ်လေးဟဲ့ အမယ်လေးဟဲ"ဟု ရေရွတ်ရင်း တက်လာလေ

သည်။ အိမ်ရှေ့ဘက်တွင် အတားအဆီး မရှိသဖြင့် တစ်ဖက်ခန်းမှ ဥမ္မာတို့ ဇနီးမောင်နှံ ထိုင်နေသည်ကို မြင်နေရသည်။ အမျိုးသမီးကြီးက အပေါ် ရောက်ရောက်ချင်း သူ့အခန်းဘက်ကို မလာသေးဘဲ ဥမ္မာတို့ရှိရာသို့ လှမ်းကြည့်လိုက်သည်။ ဥမ္မာတို့ နှစ်ယောက်က ပက်လက်ကုလားထိုင် ပေါ် ထိုင်ရင်း ပင်လယ်ဘက်ငေးကာ စကားပြောနေကြသည်။ သူတို့ကို တစ်ယောက်မျှ လှမ်းမကြည့်ကြ။

"မာမီကလည်း သွားလေ ရှေ့ကနေပြီးတော့"

သမီးဖြစ်သူက နောက်မှ တွန်းလိုက်သည်။

"အေးပါ အမယ်လေးဟဲ့"

အမျိုးသမီးကြီးက အခန်းကို လှည့်ပတ်အကဲခတ်ရင်း သားရေအိတ်ကြီး ကို စားပွဲပေါ် ပစ်တင်လိုက်၏။ ပြီးလျှင် ပက်လက်ကုလားထိုင် ရှိရာသို့ သွားကာ ထိုင်ချလိုက်သည်။ ကုလားထိုင်သည် ကျွိခနဲမြည်ကာ အနည်းငယ် ယိုင်သွားလေသည်။

"အမယ်လေးဟဲ့ ဗုဒ္ဓေါ"

ထုံးစံအတိုင်း အမယ်လေးတပြီး လက်ကိုင်ပဝါဖြင့် မျက်နှာနှင့် လည်ပင်း တစ်ဝိုက်ကို သုတ်၍နေ၏။ ကျန်လူများက ပစ္စည်းများကို နေရာချ၍ နေ လေသည်။ အေးငြိမ်းကတော့ သူတို့အပါးမှ ထွက်ခွာရန် ဟန်ပြင်လိုက် သည်။

"ဩော် ဒီမယ် ဒီမယ် သူငယ်မ"

အေးငြိမ်းက လှည့်ကြည့်လိုက်သည်။

"ထမင်းချက်လေး ဘာလေးများ ငှားလို့ရမလားကွဲ့"

မိန်းမကြီးက သူ့ကို စေ့စေ့စပ်စပ်ကြည့်ရင်း မေးလိုက်သည်။

"ဘကြီးကို မေးကြည့်ပါ"

အေးငြိမ်းက ထိုမျှသာပြောပြီး လှည့်ထွက်ခဲ့၏။ သူ့သားဖြစ်သူ လူရွယ်က အေးငြိမ်း၏ နောက်ကျောပြင်ကို လိုက်၍ ငေးမောကြည့်ရှု နေလေသည်။

***

"သားကြီးကတော့ သမဝါယမဌာနမှာ လုပ်တယ်လေ၊ သမီးက ဆရာဝန်၊ အခုအမေရိကား သွားရတယ်၊ ဒါကြောင့် လိုက်မလာနိုင်တာ၊ သမီးက ငယ်ငယ်ကတည်းက စာကလည်း သိပ်တော်တာ၊ သားကမှ နည်းနည်းပေချင် တေချင်သေး၊ ဘီအေလေး အောင်အောင် မနည်းဖြေခိုင်းရတာ၊ ဘွဲ့လည်းရ ရော ဟော မိန်းမလည်း ယူသွားပါလေရော၊ ဒါတောင် အလုပ်ကလေးမှ ရှိပါစေတော့ဆိုပြီး သူ့အဖေက လိုက်နိုင်ပြောနိုင်လို့၊ သမီးကတော့ တော်ပါ တယ်လေ၊ ခုဆို အမေရိကားတောင်သွား"

ဘယ်အချိန်က အသိအကျွမ်း ဖွဲ့ပြီးသွားသည်မသိ သည်ဘက်ခန်းမှ မိန်းမကြီးသည် ဥမ္မာ့ရှေ့တွင် လက်ဖက်ခွက်ချကာ စကားဖောင်ဖွဲ့ နေပြီ ဖြစ်သည်။ ဥမ္မာသည် သူပြောသမျှကို စိတ်ဝင်စားဟန်မတူ၊ ခေါင်းလေး တညိတ်ညိတ် လုပ်ကာ အလိုက်သင့် နားထောင်နေပုံရသည်။ ကို အောင်သည် နံနက်စောစောကပင် ဘောင်းဘီတိုလေးဝတ်ကာ ကမ်းခြေသို့ ဆင်းသွားသည်ကို မြင်လိုက်ရ၏။ အေးငြိမ်းက ဥမ္မာပျင်းနေမည်စိုး၍ အပေါ်သို့ တက်လာခဲ့သည်။ သို့သော် သူ့အလျင် ဦးနှင့်သူက ရှိနေလေပြီ။

"လာ ညီမ၊ မမတို့နဲ့ လက်ဖက်စားရအောင်"

စကားပြောလက်စ အရှိန်ပျက်သွားသော မိန်းမကြီးက အေးငြိမ်းကို တစ်ချက်လှမ်းကြည့်ကာ သူ့စကားကို ဆက်ပြောရန် ဟန်ပြင်၏။

"သမီးက အမေရိကားသွားတော့"

"မာမီ မာမီ"

သမီးဖြစ်သူ မိန်းကလေးက တစ်ဖက်ခန်းသို့ ကူးလာသည်။ သေးသော ကိုယ်လုံးလေးပေါ်တွင် နိုင်လွန်ဘလောက်စ်အင်္ကျီ ကျပ်ကျပ်လေးကို ဝတ်ထားသဖြင့် ရင်သားသေးသေးလေးက အလုံးအဝန်း အတိုင်း ပေါ်လွင်နေသည်။ အေးငြိမ်းက ချက်ချင်း မျက်နှာလွှဲလိုက်မိသည်။

"ဘာတုံးဟဲ့ အလန့်တကြား"

"ဟိုဘက်က ပုန်းညက်ရိပ်သာမှာ သမီးသူငယ်ချင်းတွေ ရောက်နေပြီလေ၊ အဲဒါ သမီးသူတို့နဲ့ ရေသွားကူးမလို့"

"နေပါဦးဟဲ့ စောပါသေးတယ်၊ တော်ကြာ မာမီတို့လည်း ဆင်းဦးမှာပဲ"

"အို သမီး မာမီတို့နဲ့ မသွားချင်ပါဘူး"

"တယ် ဒီကောင်မလေး၊ နင့်အစ်ကို အောင်ကျော်စိုးကော"

"အခုပဲ ဆင်းသွားပြီ"

မိန်းမကြီးက နေရာမှ ထမည်ပြု၏။ လေးလံသော သူ့ခန္ဓာကိုယ်ကြီးကို ကြမ်းပေါ်မှ ကြွလာရန် အားယူလိုက်သည်။

"မာမီလိုက်မပို့ပါနဲ့ သမီးဘာသာ သွားပါ့မယ်၊ တော်ကြာမာမီ ခေါင်းမူးနေမှ"

မိန်းကလေးက ပြောပြောဆိုဆို လှည့်ထွက်သွား၏။ အခန်းထဲသို့ ဝင်သွားကာ လက်ဆွဲအိတ်လေး တစ်လုံးကိုယူပြီး အိမ်အောက်သို့ ပြေးဆင်းသွားလေသည်။ အဘိုးကြီးသည် အိမ်ရှေ့ ဝရန်တာတွင် ပက်လက် ကုလားထိုင်ပေါ်ထိုင်ကာ ဆေးတံတစ်ချောင်းကို ဖွာလျက်ရှိ၏။ ကုလားထိုင်ဘေးတွင် ခွေးခြေတစ်လုံး ချထားပြီး ခွေးခြေပေါ်တွင် ဖန်ခွက်တစ်ခွက်၊ ဆေးတံဆေးဘူး တစ်ဘူးနှင့် ဒိုင်ယာရီ စာအုပ်သေးသေးလေး တစ်အုပ်ကို တင်

ထားလေသည်။ သမီးဖြစ်သူ ဆင်းသွားသည်ကို တစ်ချက်မျှ လှည့်ကြည့်ပြီး ပင်လယ်ဘက်သို့ ပြန်လှည့်သွားသည်။

"ကြည့်၊ ဒီဖအေကြီးဟာ သားသမီးကို တစ်ချက်ကလေးမှ ဟန့်တားဖော် မရဘူး၊ ကလေးတွေက ငပလီသွားချင်တယ် ဒက်ဒီရဲ့ ဆိုချက်ချင်း လိုက်ပို့ဖို့ စီစဉ်တာပဲ၊ အန်တီကလည်း နေရာတကာ မလိုက်နိုင်တော့ဘူးလေ၊ နေက လည်း ကောင်းတာမဟုတ်တော့၊ ခုတောင်မှ နားနားနေနေ နေလို့လည်းရ ကျန်းမာရေးအတွက်လည်း ကောင်းတယ်ဆိုလို့သာ လိုက်လာရတာ၊ သူတို့ လည်း ရောက်ဖူး ပါစေတော့လို့၊ ဒါတောင်သမီးကြီးက အမေရိကား သွား နေတော့ သူပါမလာလို့ စိတ်မကောင်း ဖြစ်ရသေး"

ဥမ္မာသည် မသိမသာလေး သမ်းဝေလိုက်၏ ။

"ခွဲရခါစဆိုတော့လည်း အလွမ်းသား၊ သမီးက ဓာတ်ပုံတွေ ရိုက်ပို့လိုက် လို့ အဲဒါလေးတွေနဲ့ပဲ အလွမ်းဖြေနေရတယ်၊ ဩော် ကိုကိုရေကိုကို"

မိန်းမကြီးက တင်ပါးကြီးကို အနည်းငယ်ကြွကာ တစ်ဖက်ခန်းသို့ လှမ်း၍ အော်ခေါ်လိုက်၏။ လူကြီးက လှည့်ကြည့်သည်။

"သမီးဓာတ်ပုံလေးတွေ ပါလာရဲ့လား၊ ပေးစမ်းပါဦး ဒီမှာဥမ္မာတို့ကို ပြ မလို့"

အဘိုးကြီးက ခွေးခြေပေါ်မှ စာအုပ်လေးကို လှမ်းယူလိုက်သည်။ စာအုပ် ကြားထဲမှ ဓာတ်ပုံအချို့ကို ထုတ်ယူလိုက်သည်။ လူကိုယ်တိုင်ကမူ ထမလာ။ မိန်းမကြီးက အေးငြိမ်းကို လှမ်းကြည့်နေ၍ အေးငြိမ်းက မနေသာဘဲ ထ သွားရသည်။ အေးငြိမ်း လက်ထဲတွင် ဓာတ်ပုံငါးပုံခန့် ပါလာလေသည်။

"အဲ အဲဒါ သမီးကြီးလေ၊ ရောက်ရောက်ချင်း ရိုက်ပြီးပို့လိုက်တာ"

"ဩော် ပင်စီကို သိသားပဲ"

ဥမ္မာက ရောင်စုံဓာတ်ပုံလေးများကို ကြည့်၍ လွှတ်ခနဲ ရေရွတ်လိုက်သည်။

"ဟုတ်လား၊ သိသလား၊ ဒါကြောင့် အန်တီလည်း ဥမ္မာကို မြင်ဖူးသလိုလို အောက်မေ့တာ၊ ဥမ္မာ့ကျောင်းနာမည်က ဘာလဲ၊ မကျသဒစ်ကပဲလား"

"ဥမ္မာ့နာမည်ကတော့ ဥမ္မာကျော်ပါပဲ၊ ပင်စီနဲ့ တစ်ကျောင်းတည်းပါ"

"အဲ ဟုတ်ပြီ ဟုတ်ပြီ၊ ဥမ္မာကျော်၊ ဥမ္မာကျော်၊ ဥမ္မာကျော်ဟာ ဦးခင်ကျော်သမီး မဟုတ်လား၊ ဦးခင်ကျော် ဒေါ်မမလေး"

စကားရှည်ရှည်ပြောရန် အကွက်ရသွားဟန်တူသော အဒေါ်ကြီးကြောင့် ဥမ္မာသည် သက်ပြင်းလေးကို မသိမသာ ချလိုက်လေသည်။

"ဦးခင်ကျော်ဟာ တခြားလူ ဟုတ်ရိုးလား၊ အန်တီတို့နဲ့ ပြည်မြို့မှာ တစ်ရပ်တည်း နေလာခဲ့သူတွေပေါ့၊ တစ်လောကပဲ သူ့သမီး အဲဥမ္မာပဲ ထင်ပါရဲ့ ဟုတ်ပြီ ဟုတ်ပြီ၊ သမီးကို လက်ထပ်ပေးဖို့ဆိုပြီး စိန်နားကပ်တစ်ရန် လာဝယ်သွားတာ အန်တီဆီကပဲ၊ ဟော ဟောဒီနားကပ်ပဲ ထင်ပ့ါ၊ ဟုတ်တယ် ဟုတ်တယ် ကောင်းလိုက်တဲ့ စိန်ခဲသားရောင်ကိုထလို့"

မိန်းမကြီးက ဥမ္မာ့နားမှ နားကပ်လေးကိုကိုင်၍ မျက်တောင်နှစ်ခုကို ရှုံ့၍ကြည့်ပြီး ပြောလိုက်သည်။ အေးငြိမ်းကလည်း လိုက်ကြည့်မိ၏။ အေးငြိမ်းကတော့ စိန်ဆိုတာ ဒါပါပဲလားဟု ယခုမှပင် အသေအချာ အနီးကပ် မြင်ဖူးလေသည်။

"အဲ ဥမ္မာယောကျ်ားက ဟို အတွင်းဝန်ရုံးမှာ လုပ်တယ်ထင်ပါရဲ့ ခု ခွင့်နဲ့လာတာပေ့ါ ဟုတ်လား၊ ဒါနဲ့ ဥမ္မာက အဲဥမ္မာက"

တစ်စုံတစ်ခုကို ပြောမည်ပြုပြီးမှ အဒေါ်ကြီးက ရှေ့ဆက်မပြောဘဲ ရပ်လိုက်လေသည်။ ဥမ္မာသည် အခွင့်ရခိုက် နေရာမှထရန် ဟန်ပြင်လိုက်သည်။

"အန်တီ လမ်းမလျှောက်ဘူးသေးလား"

"အေး လျှောက်မယ်ကွယ်၊ ဥမ္မာက မောင်အောင်ထွန်းနဲ့ ဘာလို့ လိုက်မသွားတာလဲ"

"ကိုအောင်က ရေကူးနေမှာ၊ ဥမ္မာက ရေကြောက်လို့၊ ညီမရေလာ လမ်းလျှောက်ကြရအောင်"

ဥမ္မာသည် အေးငြိမ်းဘက် လှည့်၍ခေါ်ပြီး ကမန်းကတန်းပင် ရှေ့မှ ဆင်းသွားလေသည်။ သူ့နောက်မှ သည်မိန်းမကြီး တကောက်ကောက် လိုက်လာမည်ကို စိုးရိမ်ဟန်တူ၏။ မိန်းမကြီးသည် ဥမ္မာက အေးငြိမ်းကို အရောတဝင် ဆက်ဆံသည်ကို နားမလည်သလို ကြည့်နေလေသည်။ ပြီးလျှင် သူ့ခန္ဓာကိုယ်ကြီးကို ခင်ပွန်းသည် ရှိရာသို့ တရွေ့ရွေ့ သယ်ဆောင်သွားလေသည်။

***

ကမ်းခြေတွင် လူအတော်စုံ၍ နေပေပြီ။

ယနေ့မှ ဧည့်သည်များလည်း ထပ်ရောက်လာဟန်တူသည်။ အသွေးအရောင်များ ပို၍ စုံလာလေ၏။ ငပလီကမ်းခြေပေါ်တွင် ခြေရာတွေ ပို၍ လှုပ်လာသည်။ ပင်လယ်လှိုင်း များသည်ပင် ကမ်းပါးသို့ ဖြောင့်ဖြောင့်တန်းတန်း ရောက်မလာကြတော့။ ခရီးတစ်ဝက်မှာပင် ကူးခတ်ဆော့ကစား သူများနှင့်အတူ ရောထွေးကွယ်ပျောက်၍ သွားကြလေသည်။

"အဲဒီအန်တီကြီးကို မမသိတာပေါ့ကွဲ့၊ ဖေဖေတို့နဲ့ သိပ်ခင်တာ၊ မမ

အကြောင်းလည်း သူသိတာပဲ၊ ဒါကြောင့် ရှောင်နေတာ၊ သူကအတင်း လာစကား ပြောတာပဲကွာ စိတ်ရှုပ်ပါတယ်၊ ညီမတို့အိမ်ကို လေ့ကားနှစ်ခုတပ်ပြီး ပုံစံတစ်မျိုး ပြင်ဆောက်လိုက်ရင် ကောင်းမယ်"

ဥမ္မာသည် သူမ၏ လွတ်လပ်ခြင်းကို ထိပါးခံရ၍ မကျေမနပ် ဖြစ်နေပုံရလေသည်။

"အဲဒီအန်တီ နာမည်က ဘယ်သူတဲ့လဲ မမရဲ့"

"ဒေါ်ထားကြည်တဲ့၊ မိုလ်ချုပ်ဈေးကို ခါးစောင်းတင်နေတဲ့ မိန်းမကြီး၊ ဈေးထဲမှာ သူ့ဆိုင်ရှိတယ်"

"စိန်တွေ ရောင်းတာလား"

"တကယ့်တကယ်တော့ စိန်တို့ ကျောက်တို့ ရောင်းတာပေါ့ကွယ်၊ သူ့ဆိုင်ပေါ်မှာတော့ ခေါင်းစည်း ပုဝါတို့ သားရေအိတ်တို့ တင်ထားတာပေါ့"

အေးငြိမ်းအဖို့တော့ ဥမ္မာနှင့် စကားပြောရသည်မှာ အသိပညာ တိုးရသည်ဟုပင် အောက်မေ့မိလေသည်။ အေးငြိမ်း မသိသေးသည့် လူတွေအကြောင်း၊ အရှေ့သူမတွေ အကြောင်းကို ပို၍ စုံစုံစေ့စေ့ သိလာရသည်။

"ကျွန်မ ရန်ကုန်ကို တစ်ခေါက်မှ မရောက်ဖူးဘူး"

"ဟုတ်လား၊ ရန်ကုန်လာရင် မမဆီလာခဲ့၊ မမလိုက်ပို့မယ်။ ဟော ညီမရေ ဟိုအန်တီကြီးလာပြီ၊ လာလာ ရှေ့နားကို လျှောက်ကြရအောင်"

ဥမ္မာသည် အေးငြိမ်းလက်ကိုဆွဲကာ ခပ်သွက်သွက်လေး လျှောက်လာခဲ့လေသည်။ အန်တီကြီးသည် ခင်ပွန်းဖြစ်သူကို လက်တွဲကာ ကမ်းခြေသို့ လျှောက်၍လာနေ၏။ သူတို့နှစ်ယောက်ကို ကြည့်ရသည်မှာ ဖိုးဝရုပ်ကြီးက တောင်ဝှေးတစ်ချောင်းကို ဆွဲကိုင်လာသည်နှင့် တူလေသည်။

"မမဥမ္မာအကြောင်းများ မေးရင် အဲဒီ မိန်းမကြီးကို ဘာမှ သွားမပြော

နဲ့နော်"

ဥမ္မာက အေးငြိမ်းကို နှုတ်ပိတ်နေသည်။ အေးငြိမ်းတို့သည် ရေကူးနေသူ မိန်းကလေး တစ်သိုက်အနီးသို့ ရောက်လာ၏။ အန်တီကြီး၏ သမီးဖြစ်သူ အသားညိုညို မိန်းကလေးသည် အဖော်တစ်သိုက်နှင့် ရေထဲတွင် မြူးထူးနေလေသည်။ ရေကူးဝတ်စုံ အနက်ကြောင့် အသားက အနည်းငယ်ပို၍ ဖြူလာသယောင် ထင်ရ၏။ ခါးသေးသဖြင့် တစ်မျိုးကြည့်၍ ကောင်းနေသည်။ သူတို့အုပ်စုနှင့် မလှမ်းမကမ်းတွင် ယောကျ်ားလေးတစ်သိုက် ရေကစားနေကြသည်။ သူတို့ဆီသို့ ရေများကို လက်ဖြင့်ပက်၍ ကျီစယ်နေကြသည်။ မိန်းကလေးများသည် မသိကျိုးကျွန် ပြုဟန်ဖြင့် တစ်ဖက်သို့ လှည့်နေပြီး တစ်ချက်တစ်ချက်တွင်မှ မသိမသာ ခိုး၍ခိုး၍ ကြည့်ကြ၏။ လှိုင်းအပုတ်တွင် လဲပြိုသွားသော မိန်းကလေးတို့၏ တင်ပါးလုံးလုံး လေးများကို ကြည့်ကာ အမျိုးသားများက ပြုံးရယ် နေကြလေသည်။

"ညီမ ရေမကူးတတ်ဘူးလား"

"ကူးတတ်ပါတယ်"

"ဘာလို့မကူးလဲ ကူးပါလား"

"လူတွေများလာလို့ မကူးချင်ပါဘူး"

အေးငြိမ်းတို့က ရှေ့ကို ဆက်၍လျှောက်လာ၏။ အန်တီကြီး၏ သားဖြစ်သူ အောင်ကျော်စိုးသည် အသားဖြူဖြူ မိန်းကလေး တစ်ဦးနှင့်ရပ်၍ စကားပြောနေလေသည်။ မိန်းကလေး၏ ဆံပင်များက ရှည်လျားလှ၏။ ရှည်လျားသော ဆံပင်ကိုပင် ဖြန့်၍ ချထားလေသည်။

"တစ်ပတ်လောက်တော့ နေဦးမယ်၊ ယူတို့ကော ဘယ်တော့ပြန်မှာလဲ"

မိန်းကလေးက ပြုံးရယ်ကာ စကားပြောနေသည်။ အောင်ကျော်စိုးက

အေးငြိမ်းတို့ လျှောက်လာနေသည်ကို လှမ်းကြည့်ပြီး ပြုံးပြသည်။ မိန်းကလေးက လှည့်ကြည့်၏။

"ဒက်ဒီတို့ ပြန်တဲ့အချိန် ပြန်ရမှာပဲ၊ လေးငါးရက်တော့ နေဦးမယ်ထင်တယ်"

"ဟုတ်လား"

မိန်းကလေးက ခေါင်းပြန် မလှည့်သေးဘဲ ပြောလိုက်သည်။

"မမဥမ္မာတို့ လမ်းလျှောက် ထွက်မလို့လား"

အောင်ကျော်စိုးက အေးငြိမ်းကို စူးစိုက်ကြည့်ရင်း ဥမ္မာကို နှုတ်ဆက်လိုက်သည်။ သူ့ဘေးမှ မိန်းကလေးက သဲပြင်ပေါ်မှ အုန်းလက်ဦးထုပ်ကို ကောက်ကာ ပလင်ပင်များကြားမှ ဘန်ဂလို တစ်ခုဆီသို့ ပြေးတက်သွားရန် ဟန်ပြင်လိုက်လေသည်။

"နေပါဦး ခဏလေး"

အောင်ကျော်စိုးသည် သူ့ကောင်မလေး လွတ်ထွက်သွားမည်စိုး၍ မျက်နှာကို ကမန်းကတန်း ပြန်လှည့်သွားရသည်။ မိန်းကလေးက နှုတ်ခမ်းကို အနည်းငယ် စုထားသည်။ ဥမ္မာတို့က သူတို့ကိုကျော်၍ ဆက်လျှောက်လာလေသည်။

"သူတို့က မနေ့ကမှ ရောက်တယ်၊ မမဥမ္မာကိုတောင် သိနေပြီနော်"

"ဒီလောက်တော့ လျင်မှာပေ့ါကွယ်၊ ရန်ကုန်သားတွေပဲ၊ မမကို နှုတ်ဆက်ချင်လို့ မဟုတ်ပါဘူး၊ ငါ့ညီမကို ကြည့်ချင်လို့ပါ၊ မတွေ့ဘူးလား မျက်လုံးက ညီမဆီမှာချည်းပဲ"

အေးငြိမ်း မျက်နှာလေးတွင် ရှက်သွေးဖြန်း၍ သွားလေသည်။ ဥမ္မာက ချစ်စဖွယ် ရယ်မောလိုက်သည်။ သူတို့နှစ်ယောက်သည် စာတိုက်ကို

လွန်၍လာလေသည်။

"မမ အဝေးကြီးကို လျှောက်ဖို့လား"

အေးငြိမ်းက သတိပေးလိုက်သည်။

"ရှေ့ဆက်လျှောက်သွားရင် ဘယ်များ ရောက်မလဲလို့"

"လေယာဉ်ပျံကွင်း ရောက်မှာပေါ့"

"ဟုတ်လား၊ နောက်မှ လျှောက်ပါတော့မယ်လေ၊ လာ ပြန်လှည့်ကြစို့"

အေးငြိမ်းသည် ခင်ပွန်းဖြစ်သူနှင့် နှစ်ယောက်တွဲလာပြီး တစ်ယောက်တည်း လမ်းလျှောက် ထွက်နေသော ဥမ္မာကို နားမလည်သလို ငေးကြည့်နေမိလေသည်။ အောင်ကျော်စိုးနှင့် စောစောက ကောင်မလေးသည် ရေထဲသို့ ရောက်နေပြီဖြစ်၏။ အောင်ကျော်စိုး၏ အပေါ်အင်္ကျီနှင့် ဘောင်းဘီရှည်သည် ကောင်မလေး၏ ဘလောက်စ်အင်္ကျီနှင့်အတူ နေပူဆာလှုံ၍ နေလေ၏။

အေးငြိမ်းတို့ အိမ်ရှေ့ဘက်သို့ ပြန်ရောက်၍လာသည်။ စောက မိန်းကလေး တစ်သိုက်နှင့် ယောကျ်ားလေး တစ်သိုက်သည် အုပ်စုတစ်စုတည်း ဖြစ်၍ သွားကြလေပြီ။ အန်တီကြီးနှင့် သူ့အဘိုးကြီး စုံတွဲက သဲပေါ်တွင်ထိုင်ကာ နေရောင်ဘက်သို့လှည့်၍ သဘာဝအရသာကို ခံစားနေကြပုံရ၏။ ဥမ္မာသည် ပုန်းညက်ပင်ကြီးအောက်သို့ ခပ်ဖြည်းဖြည်း လျှောက်သွားသည်။ ကိုအောင်သည် သစ်ရွက်ခြောက်များ ပေါ်တွင် ပက်လက်လဲလျောင်းကာ လက်နှစ်ဖက်ကို ဇက်ပိုးအောက်တွင် ယှက်၍ထား၏။ ဘောင်းဘီတိုသည် လျော့ရဲရဲ ဖြစ်၍နေသည်။ ရင်ဘတ်ပေါ်မှ အမွေးရှည်ကြီးများသည် ရေစိုဖြင့်လိပ်၍ နေကြလေသည်။ ဥမ္မာသည် ကိုအောင့်ဘေးတွင် ဒူးလေးကို အနည်းငယ်ကွေးကာ ထိုင်ချလိုက်သည်။ အေးငြိမ်း

သည် သူတို့ကို ထားရစ်ကာ အိမ်ဘက်သို့ ပြန်၍ ပြေးလာလေသည်။

***

"မအေးငြိမ်းတို့များ ဟိုမမ ဥမ္မာနားကကို ခွာတယ်မရှိဘူး၊ ကျွန်မဆီ လာပါဦး မအေးငြိမ်းရဲ့"

မြနုသည် သူ့မောင်ငယ်လေးကို ထမင်းခွံ့ကျွေး နေရာမှ အေးငြိမ်းကို မြင်၍ လှမ်းပြောလိုက်သည်။

"လာနေတာပါပဲ မြနုရယ်၊ ဒီနေ့ ပုတီး မသီတော့ဘူးလား"

မြနုသည် သူ့မောင်လေး လေးဖက်ထောက် သွားနေရာနောက်သို့ တကောက်ကောက် လိုက်ကာ ထမင်းခွံ့နေ ရလေသည်။

"ပလတ်စတစ်ပိုက်တွေ ကုန်နေလို့ မအေးငြိမ်းရယ်၊ ပန်းခိုင်တွေလည်း လုပ်ဖို့ရှိသေးတယ်၊ ကျွန်မတော့ ဒီအိမ်ပေါ် ထိုင်ရောင်းမနေချင်ဘူး၊ ဗန်းနဲ့ ရွက်ပြီး လျှောက်ရောင်းချင်တယ်"

"ရောင်းပါလား၊ ငါလည်း ရောင်းချင်တာပဲ၊ ဘကြီးက မလွှတ်လို့"

"မအေးငြိမ်းကိုတော့ ဘယ်ဈေး ရောင်းစေချင်မလဲ၊ မအေးငြိမ်းက စာတွေ အများကြီး သင်ထားတာ၊ ပြီးတော့ မအေးငြိမ်းက လှလည်းလှတယ် မဟုတ်လား"

အေးငြိမ်းက သဘောကျစွာ ပြုံးလိုက်သည်။ မြနုသည် အေးငြိမ်းကို တကယ်အားကျစိတ်ဖြင့် ပြောနေခြင်းဖြစ်၏။ ရိုးသားသော မြနု၏ မျက်နှာပေါ်တွင် သနပ်ခါးကို လက်ငါးချောင်းရာ ထင်အောင် လိမ်းထားသည်။ သနပ်ခါး စင်းကြောင်းများကြားမှ ညိုညိုမည်းမည်း လေးများကို မြင်နေရလေသည်။

"ပန်းခိုင် လုပ်ပြီးသားတွေရှိရင် ပေးလိုက်လေ၊ မမဥမ္မာကို ငါရောင်း

ပေးမယ်"

"နှစ်ခိုင်ရှိတယ် ယူသွားပေးပါ၊ ဒီဘက်ခန်းမှာလည်း ဧည့်သည်တွေ ရောက်နေတယ် မဟုတ်လား"

"သူတို့တော့ မရောင်းချင်ပါဘူးဟယ်၊ တစ်မျိုးပဲ၊ မမဥမ္မာလို သဘောမကောင်းဘူး၊ အဆင့်အတန်း ခွဲသလိုပဲ"

တကယ်တော့ ငပလီကို လာရောက်လည်ပတ် သွားသူများသည် ငပလီကမ်းခြေ၏ အရသာကိုသာ တဝခံစားသွားကြပြီး ငပလီရွာသူရွာသားများကို စိတ်ဝင်စားသူဟူ၍ မရှိသလောက်ပင်။ မြနုသည် အေးငြိမ်း၏ ဆိုလိုချက်ကို ချက်ချင်းပင် သဘောပေါက်၏။

"ငါသွားတော့မယ် ဝေး၊ နက်ဖြန်မှ ငါနင့်ကို ပန်းတွေလာကူ လုပ်ပေးမယ်၊ မမဥမ္မာက ငါ့ကို အဖော်ခေါ်ထားလို့ ဒါကြောင့် ငါမလာနိုင်တာ"

"သူ့ယောကျ်ားကြီး ရှိသားနဲ့"

မြနုက စကားကို ရှင်းရှင်းလင်းလင်း ပြောတတ်လေသည်။ အေးငြိမ်းသည် ရုတ်တရက် တွေဝေသွား၏။

"အေးဟယ် ဘယ်လိုမှန်းလဲ မသိဘူး"

အေးငြိမ်းက အိမ်ဘက်သို့ ဆက်လျှောက်လာခဲ့သည်။ ကမ်းခြေဘက်ကို မျှော်ကြည့်လိုက်သည့်အခါ ကိုအောင်နှင့် ဥမ္မာတို့သည် သဲသောင်ပြင်ပေါ်တွင် အေးဆေး ငြိမ်သက်စွာ ထိုင်နေကြသည်ကို တွေ့ရလေသည်။

အေးငြိမ်းတို့ အမေသည် မီးဖိုဆောင်တွင် အလုပ်များ၍ နေလေသည်။ တည်းခိုသူ နှစ်ဦးအတွက် နှစ်အိုးစာကို ချက်ပြုတ်၍ နေရသည်။ အမေသည် ငွေကို လည်လည်ဝယ်ဝယ် ထွက်မရှာတတ်၍ ယခုလို လုပ်ရကိုင်ရသည့်အခါ ကျေနပ်၍ နေဟန်တူသည်။ ရှိသမျှ အလုပ်ကို သူ

တစ်ယောက်တည်း ကြုံး၍လုပ်နေတတ်၏။ အေးငြိမ်းက ဝင်ပြီးပန်းကန်များကို ထိုင်ဆေးပေးသည်။ အေးငြိမ်းကို တစ်ခုခု ပြောလိုဟန်ဖြင့် ကွက်ကြည့်ကွက်ကြည့် လုပ်၍နေ၏။

"ဘာလုပ်စရာ ရှိသေးလဲ"

အေးငြိမ်းက အမေ့ကို စကားစ ပေးရသည်။

"မရှိ၊ ဥမ္မာတို့ ပြန်လာပြီလား"

"မလာသေးဘူး၊ ကမ်းခြေမှာ ထိုင်နေကြတယ်"

အမေက တစ်စုံတစ်ရာ စိတ်မချဟန်ဖြင့် အိမ်ပေါ်သို့ ကဲကြည့်လိုက်သည်။ ပြီးမှ အေးငြိမ်းကို တိုးတိုးပြောသည်။

"ဥမ္မာက အပျိုမဟုတ်ဘူးတဲ့"

အမေ့စကားကြောင့် အေးငြိမ်းပါ ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။

"ဘယ်လိုလုပ်ပြီး အပျိုဟုတ်ရမှာလဲ အမေရဲ့ သူ့ယောက်ျားနဲ့ လာတဲ့ဟာကို အမေကလည်း"

အေးငြိမ်းအမေသည် အပေါ်သို့လှမ်း၍ ဟိုဟိုဒီဒီ ကြည့်လိုက်ပြန်သည်။

"ဒီယောက်ျားနဲ့ မယူခင်က အရင် ယောက်ျားတစ်ယောက် ရှိသေးတယ်တဲ့"

အေးငြိမ်း မျက်လုံးပြူးသွားလေသည်။

"အမေ့ကို ဘယ်သူကပြောလဲ"

"ဟို အန်တီကြီးက"

"အို အဲဒီမိန်းမကြီးက ပေါက်တတ်ကရ"

အေးငြိမ်းကို ပန်းကန်များကို ဆေးပြီး စင်ပေါ်သို့ တင်လိုက်သည်။ သူ့အ

မေက ဟင်းအိုးကို ယောက်မတစ်ချောင်းဖြင့် မွှေနေရာမှ နောက်သို့လှည့်ကြည့်ပြီး ဆက်ပြောသည်။

"သူပြောတာဟုတ်ဖို့၊ နင် ကြည့်ပါလား၊ ကလေးမက ဒီလူကြီးကိုမှ မကြိုက်တာ၊ အဲဟိုယောက်ျားနဲ့ လိုက်သွားတာ ဆယ်ရက်လောက် ကြာဖို့တဲ့"

အေးငြိမ်းသည် ငိုင်၍ သွားလေသည်။

"သူ့အမေက ပြန်ခေါ်ပြီး ဒီယောက်ျားကြီးနဲ့ အတင်းပေးစား လိုက်ရော"

အမေသည် စကားပြတ်၍ သွားလေသည်။ မီးဖိုခန်းအတွင်းသို့ အောင်ကျော်စိုး ဝင်လာ၍ ဖြစ်သည်။

"ထမင်းကျက်ပြီလား အန်တီ၊ ဆာလှပြီ"

အောင်ကျော်စိုးက အေးငြိမ်းကိုကြည့်ရင်း အမေ့ကို မေးလိုက်သည်။

"စားရဖို့ပဲ စားရဖို့ပဲ"

အမေက ခေါင်းကိုညိတ်ရင်း ပြောလိုက်သည်။ အေးငြိမ်းက မီးဖိုဆောင်အတွင်းမှ ထွက်လာလေသည်။ သူ့ညီမဖြစ်သူသည် မီးဖိုဆောင်သို့ ဆင်းရမည့် လှေကားထစ်တွင် မတ်တတ်ရပ်ရင်း အောင်ကျော်စိုးကို လှမ်း၍မျက်စောင်းထိုးနေ၏။ အေးငြိမ်းသည် ဥမ္မာတို့အတွက် နံနက်စာကိုပြင်ဆင်ပေးရန် အိမ်ပေါ်သို့ တက်လာခဲ့သည်။ အန်တီကြီးတို့ ရောက်လာသည့် နေ့မှစ၍ ဥမ္မာတို့နှစ်ယောက်က ထမင်းကို အပေါ်သို့ ယူစားသည်။ ဥမ္မာကပင် ထိုသို့ စီစဉ်လိုက်ခြင်းဖြစ်၏။ သို့တိုင် အန်တီကြီးသည် မီးဖိုဆောင်သို့ဝင်ကာ ဥမ္မာတို့အတွက် မည်သည့်ဟင်းများ စီမံချက်ပြုတ်ထားသည်ကို မေးမြန်းကြည့်ရှု တတ်လေသည်။ ထိုသို့ ဝင်ထွက်ရင်းမှပင် စကားနည်းလှသော အမေ့ကို အတင်းအဖျင်း ပြောဖြစ်အောင် ပြောသွားခြင်းပေမည်။

အန်တီကြီးနှင့် ယောက်ျားဖြစ်သူသည် အိမ်ရှေ့ လှေကားမှနေ၍ တဖြည်းဖြည်း တက်လာ၏။ အန်တီကြီးသည် နားထင်ကို လက်နှစ်ဖက်ဖြင့် နှိပ်ကာ "အမယ်လေး အမယ်လေး မူးလိုက်တာ"ဟု အော်ရင်း တက်လာသည်။ အေးငြိမ်းက ဝင်ရောက် တွဲခေါ်ရပြန်သည်။ ပက်လက်ကုလားထိုင်ပေါ်တွင် ဖြည်းညင်းစွာ ထိုင်ချလိုက်ပြီး မျက်စိနှစ်ဖက်ကို မှိတ်၍ထားလေသည်။

"ဟဲ့ ခင်သီတာ လာစမ်း လာစမ်း၊ ဒီမှာ နင့်အမေ မူးလို့"

အဘိုးကြီးက အတွင်းဘက်သို့ကြည့်ကာ အော်ခေါ်လိုက်သည်။ သမီးဖြစ်သူသည် ရေစိုနေသော ဆံပင်များကို မျက်နှာသုတ်ပဝါဖြင့် သုတ်ရင်း အေးအေးဆေးဆေး လျှောက်လာသည်။

"ဟဲ့ ဒီမှာ နင့်အမေ မူးလို့ပါဆို၊ ဟိုကောင် အောင်ကျော်စိုးကော"

"ဟိုမှာ မီးဖိုထဲဝင်ပြီး ငမ်းနေတယ်လေ၊ မာမီက ခေါင်းမူးမှာပေါ့၊ နေပူထဲမှာ အကြာကြီး လမ်းလျှောက်နေတာကိုး"

"တယ် လျှာရှည်လိုက်တာ၊ ယပ်တောင်လေးဘာလေး ယူပြီးခတ်ပေးပါလား"

ခင်သီတာဆိုသူ မိန်းကလေးသည် စူစူအောင့်အောင့်ဖြင့် အနီးမှ သတင်းစာခေါက် တစ်ခုကို ယူကာ သူ့အမေကို ယပ်ခတ်ပေး၏။

"အမယ်လေး အမယ်လေး ကျွတ်ကျွတ်၊ ဟဲ့ သမီး မာမီသားရေအိတ်ထဲမှာ နင့်အစ်မ အမေရိကားက ဝယ်ပို့လိုက်တဲ့ ဟိုရေမွှေးပုလင်း ရှိတယ်လေ၊ ပေးစမ်းပါ၊ နံ့သာဖြူ ယပ်တောင် ဘယ်ထဲရောက်နေလဲ"

ခင်သီတာသည် သူ့အမေကိုကြည့်ကာ နှာခေါင်းရှုံ့လိုက်၏။ အောင်ကျော်စိုးသည် မီးဖိုခန်းမှ တစ်ခုခုကို နှိုက်စားလာဟန်ဖြင့် ပါးစပ်လှုပ်ကာ အိမ်

ပေါ်သို့ တက်လာလေသည်။

"မာမီ ခေါင်းမူးပြန်ပလား"

အန်တီကြီးသည် ဤသို့ပင် ခေါင်းမူးနေကျ ဖြစ်ဟန်တူလေသည်။ အဘိုးကြီးသည် ရေမွှေးပုလင်းကို ထုတ်ကာ လက်ကိုင်ပဝါတွင် ဆွတ်ပြီး အန်တီကြီး၏ နှာဝတွင် တေ့ပေးလေသည်။ ခဏအကြာတွင် အန်တီကြီးက အမူးပြေသွားဟန်ဖြင့် မျက်လုံးများကို ဖွင့်ကြည့်သည်။ အေးငြိမ်းက တစ်ဖက်ခန်းသို့ ပြန်ကူးလာခဲ့သည်။ ကြိုးတန်းပေါ်တွင် ရှုပ်ထွေးနေသော အဝတ်များကို သိမ်းကာ သပ်သပ်ရပ်ရပ် ခေါက်ပေးနေမိလေသည်။

***

အေးငြိမ်းနှင့် မြနုသည် ဈေးခြင်းတောင်း တစ်ခုစီကိုင်ကာ တံတားလေးပေါ်မှ ဆင်းလာကြသည်။ ငပလီဈေးနှင့် ပင်လယ်ကမ်းခြေကို သစ်သားတံတားလေးက ဆက်စပ်ထားလေသည်။ အေးငြိမ်းသည် အမေပေးလိုက်သော ဈေးဖိုးနှင့် သူဝယ်လာသော ပစ္စည်းများကို ကိုက်မကိုက် စိတ်ထဲမှ တွက်ချက်နေမိသည်။

သဲပြင်ပေါ်သို့ ခြေအချတွင် ဖိနပ်က သဲကြားတွင် မြုပ်၍မြုပ်၍ သွားလေသည်။ ခြေတစ်လှမ်းကို လှမ်းတိုင်း လှမ်းတိုင်း ကိုယ်ကိုရှေ့သို့ ကိုင်း၍ရုန်းရသည်။ ရှေ့မှသွားသော မြနု၏ ရာဘာဖိနပ်က သဲများကို ကျုံးယူကာ ပက်ထုတ်လိုက်သည်။ အေးငြိမ်းသည် သူ့ကို လာစဉ်သော သဲများကို ပုတ်ချရင်း မြနုရှေ့ရောက်အောင် ပြေး၍လျှောက်သည်။ မြနုကလည်း အကြောမပေး။ ဈေးခြင်းတောင်း နှစ်ခုထဲမှ ဟင်းရွက်အချို့ သဲပေါ်သို့ လွင့်စဉ်၍ ကျသွားလေသည်။ မိန်းကလေးနှစ်ဦး၏ ရယ်မောသံက ပျံ့လွင့်၍သွားသည်။

"ဒီမှာ ဒီမှာ"

အေးငြိမ်းတို့နှစ်ဦး အသံလာရာသို့ ပြိုင်တူလှည့်ကြည့် မိကြသည်။ မဥမ္မာ၏ ယောကျ်ား ကိုအောင်က အေးငြိမ်းတို့နောက်မှ လိုက်လာနေသည်။ သူက အေးငြိမ်းကို လက်ညှိုးထိုး၍ မေး၏။

"ဥမ္မာကော"

"ရှင်"

အေးငြိမ်းက နားမလည်သလို ကြည့်နေမိသည်။

"မဥမ္မာ အစောကြီးက ထွက်သွားတာလေ၊ ကျွန်မ မြင်လိုက်တယ်"

မြနုက မစစ်ဆေးရဘဲ ဝင်ပြောလေသည်။

"မင်းနဲ့သွားတာ မဟုတ်ဘူးလား"

ကိုအောင့်မျက်နှာသည် အနည်းငယ်တည်၍ နေ၏။ အေးငြိမ်းသည် ယောင်ယမ်း၍ ခေါင်းကို ခါလိုက်မိသည်။ သို့သော် တစ်ခုခုကို စိုးရိမ်သလို ဖြစ်သွားလေသည်။

"ဘယ်ဘက်ကို သွားတာလဲ"

မြနုက လေယာဉ်ကွင်းဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။

"လိုက်သွားလိုက်ဦးမယ်"

ကိုအောင်က မြနု လက်ညှိုးညွှန်ရာသို့ လှည့်ထွက်သွား၏။

အေးငြိမ်းသည် စိတ်မသက်မသာဟန်ဖြင့် မြနုကို ကြည့်လိုက်သည်။

"နင်ကလည်း ဘာလို့ပြောလိုက် ရတာလဲ"

"သူက မေးတာကိုး"

"မမဥမ္မာကလည်း တစ်ယောက်တည်း ဘာလုပ်ဖို့ သွားရတာပါလိမ့်"

အေးငြိမ်းက ညည်းလိုက်သည်။

"မအေးငြိမ်းကလည်း သူ့ဟာသူ ဘယ်သွားသွားပေ့ါ"

အေးငြိမ်းသည် မဆီမဆိုင် စိတ်ပူနေမိသော သူ့ကိုယ်သူ အပြစ်တင်နေမိလေသည်။ အေးငြိမ်းက ဈေးခြင်းတောင်းကို အမေ့လက်သို့အပ်ပြီး မြနုတို့အိမ်လေးသို့ ပြန်ပြေးလာခဲ့သည်။ မြနုကို ပုတီးသီပေးရင်း ကမ်းခြေသို့မျှော်၍မျှော်၍ ကြည့်မိ၏။ ထမင်းစားချိန်ထိ ကိုအောင်နှင့် မဥမ္မာတို့နှစ်ယောက် ပြန်လာသည်ကို မတွေ့ရချေ။ အေးငြိမ်းတို့ အိမ်ကြီးဆီသို့ ပြန်လာချိန်တွင် အမေသည် အန်တီကြီးတို့ မိသားစုအတွက် နံနက်စာကို ပြင်ဆင်၍နေပေပြီ။

"ဟိုမောင်နှမတော့ ဘယ်အချိန်မှ တက်လာကြမလဲ မသိဘူး၊ ကျွန်မတို့စားနှင့်တော့မယ် မမြမေရေ၊ ငါးပိသုပ်လေး လုပ်ပါဦး"

အန်တီကြီးသည် ထမင်းဝိုင်းတွင် အကျအနထိုင်ရင်း အိမ်ပေါ်သို့ ကဲ၍ကြည့်လိုက်သည်။

"ဥမ္မာတို့ လင်မယားလည်း ပြန်မရောက်ကြသေးပါလား၊ သူတို့အတွက်ကော ဘာဟင်းတွေ ချက်ခိုင်းထားခဲ့လဲ"

"ကြက်သားနဲ့ဘူးသီး"

အမေသည် အန်တီကြီးနှင့် အတော်ပင် လေပေးဖြောင့်ဟန် ရှိလေသည်။ အမေသည် စကားနည်းသူ ဖြစ်သော်လည်း သူ့ကို အရေးတစိုက် စကားပြောလာသူရှိ၍ ဝမ်းသာကျေနပ်နေပုံ ရသည်။ အန်တီကြီးကလည်း ယောက်ျားက အေးဆေးလွန်းပြီး သားသမီးများကလည်း ဂရုမစိုက်သဖြင့် အတင်းပြောရမည့်သူကို ရှာရဟန်တူ၏။ အေးငြိမ်းကမူ သူ့စိတ်နေသဘောထားကို မနှစ်မြို့မိ၍ ဝေးဝေးကပင် ရှောင်လေသည်။

"ညားခါစသာဆိုတယ် ယောက်ျားကိုလည်း ဂရုစိုက်ဖော် မရပါဘူး၊ အင်း

သမီးပင်စီနဲ့ဆို တစ်ကျောင်းတည်း ထွက်ပေ့ါ၊ ဒါပေမဲ့သမီးကသာ ဆေးတက္ကသိုလ် ဆက်တက်ခဲ့တာ၊ သူက ဆယ်တန်းမှ အောင်ရဲ့လားပဲ၊ ဒါကြောင့်လည်း ရှုပ်ရှုပ်ယှက်ယှက် ဖြစ်တာပေ့ါလေ၊ သူ့အဖေကဆို အင်မတန် ချမ်းသာတာ၊ ဒါပေမဲ့ သားသမီးက မလိမ္မာတော့လည်း အလကားပေ့ါလေ"

အန်တီကြီးသည် ထမင်းကို တမြုံ့မြုံ့ဝါးရင်း စကားကိုလည်း အမျှင်မပြတ် ပြောလျက်ရှိ၏။

"မမဥမ္မာက သဘောကောင်းပါတယ်"

အေးငြိမ်းက ထမင်းလိုက်ပွဲကို ချပေးနေရင်း မနေနိုင်၍ ဝင်ပြောမိသည်။

"သဘောကောင်းတိုင်းလည်း အကျင့်စာရိတ္တက ကောင်းချင်မှ ကောင်းတာလေ၊ ခုဆို ကြည့်ပါလား၊ ယောကျ်ားက သူ့ဟာသူနေသူက သွားချင်ရာသွား၊ တကယ်ဆို ခုလို လက်ထပ်ပြီးစ ခရီးထွက်လာတာပဲ ကိုယ့်ယောကျ်ားနဲ့ ပျော်ပျော်ရွှင်ရွှင် နေပါမှပေ့ါ"

အိမ်ရှေ့ဘက်မှ အပေါ်သို့ တက်လာသည့် ခြေသံများကို ကြားရလေသည်။ ကိုအောင်နှင့် ဥမ္မာတို့ နှစ်ယောက်လုံး၏ မျက်နှာများက သုန်မှုန်၍ နေကြလေသည်။ အေးငြိမ်းသည် ကိုယ်ရှိန်သတ်ကာ ရပ်လိုက်မိသည်။

"မမဥမ္မာ ထမင်းစားတော့မလား"

ဥမ္မာက ခေါင်းကို အသာယမ်းပြသည်။

"မမတို့ ပြန်ကြတော့မယ်တဲ့"

ဥမ္မာမျက်နှာသည် ညှိုးငယ်၍ နေလေသည်။ အေးငြိမ်းက ကိုအောင့်ကို မရဲတရဲ ကြည့်မိ၏။ လူကြီးသည် ပစ္စည်းများကို စိတ်မြန်လက်မြန် သိမ်းဆည်းလျက်ရှိသည်။ ဘကြီးမောင်က အိမ်ပေါ်သို့ တက်လာသည်။

"မောင်အောင်ထွန်း၊ ခုနပြောသွားတာ ဒီနေ့ပြန်မယ်ဆို ဟုတ်လား၊ ဘကြီးက နက်ဖြန်မှလားလို့"

ကိုအောင်က ဘကြီးကိုတော့ လှည့်ကြည့်သည်။

"ဒီည သံတွဲမှာအိပ်မယ် ဘကြီး"

အန်တီကြီးသည် နောက်ဖေးလှေကားမှ သွက်သွက်လက်လက်တက်၍ လာလေသည်။ သိလိုမှု စိတ်ထက်သန်မှုတို့ကြောင့် သူ့ခြေလှမ်းများက သွက်၍နေသည်။

"ဟဲ့ ပြန်ကြတော့မလို့ ဟုတ်လား၊ နို့ မောင်အောင်ထွန်းပြောတော့ တစ်လလောက် အေးအေးဆေးဆေး နေဦးမှာဆို၊ ချက်ချင်းပြန်တော့ လေယာဉ်လက်မှတ်က ဝယ်လို့ရလို့လား"

ဥမ္မာက အရေးလုပ်၍ ဘာမျှ ပြန်ပြောဖော် မရပေ။ သူ့ပစ္စည်းများကိုသာ အေးအေးဆေးဆေး သိမ်းနေသည်။

"သံတွဲမှာ တစ်ညအိပ်ပြီး ကျွန်တော့်မိတ်ဆွေ တစ်ယောက်ကို ဝယ်ခိုင်းရဦးမှာပါ"

"အို မင့်မှာအသိရှိရင် အန်တီတို့အတွက်လည်း လုပ်ပေးပါလားကွယ်၊ အဲစနေနေ့လောက် ပြန်ချင်တယ်၊ အသွားအပြန် လက်မှတ်တော့ ယူခဲ့ပါရဲ့၊ ကိုယ်ပြန်ချင်တဲ့ရက် ရချင်မှ ရမှာမို့လို့"

"ကျွန်တော့်အတွက်တောင် မနည်းပြောရဦးမှာ"

သည်တစ်ခါတော့ ကိုအောင်က စိတ်ရှည်ပုံ မရတော့။

"သြော် အေးအေး၊ မင်းတို့နှယ်ကွယ် ပြန်တော့လည်း အရေးတကြီး"

မည်သူကမျှ ဂရုတစိုက် စကားပြန်ပြောဖော် မရ၍ အန်တီကြီးသည် သူ့အခန်းဘက်သို့ ကူး သွားလေသည်။ ကိုအောင်သည် ဘကြီးမောင်လက်သို့

ကျသင့်သော အခန်းခနှင့် အမေ့အတွက် ထမင်းချက်ခများကို ရှင်း၍ပေးလိုက်သည်။

"ကျွန်တော် ကားသွားရှာဦးမယ်"

ကိုအောင်က လေ့ကားထစ်များကို ထစ်ကျော်နင်း၍ အိမ်ပေါ်မှ ဆင်းချသွားသည်။

"အတော် စိတ်မြန်လက်မြန်ရှိတဲ့ သူငယ်ပဲ"

ဘကြီးမောင်က ဥမ္မာကိုကြည့်၍ ပြောလိုက်သည်။ ပြီးတော့ အခြေအနေကိုကြည့်ကာ အောက်သို့ ပြန်ဆင်းသွားလေသည်။

"ထမင်းစားလိုက်ပါဦးလား မမဥမ္မာ"

ဥမ္မာသည် အေးငြိမ်းကို လှမ်း၍ကြည့်နေသည်။ သူ့မျက်လုံးတွင် မျက်ရည်စလေးများဝိုင်း၍ နေကြသည်။

"မနက်က ညီမကို ရှာသေးတယ်၊ ဈေးသွားတယ်ဆိုလို့ တစ်ယောက်တည်း ထွက်သွားတာ"

"အဲဒါကို အစ်ကိုက စိတ်ဆိုးသွားတာလား"

"မဟုတ်ပါဘူး"

ဥမ္မာသည် ဘာမျှပြောလိုဟန် မရှိဘဲ စိတ်ပျက်လက်ပျက်ထိုင်၍ နေလေသည်။ အေးငြိမ်းသည် ပစ္စည်းဥစ္စာ ပြည့်စုံပြီး သာယာပျော်ရွှင်မှု မရှိသော သူတို့ ဇနီးမောင်နှံကိုကြည့်ကာ စိတ်ထဲတွင် ညစ်ညူး၍လာသည်။

"ဟော ကားလာပြီမမ"

ဥမ္မာက ဖြည်းလေးစွာ ထလိုက်သည်။

"သွားမယ် ညီမရေ၊ ညီမလေးတို့ အိမ်မှာနေရတာ ကောင်းပါတယ်ကွယ်၊ ငါ့ညီမကိုလည်း ကျေးဇူးတင်ပါတယ်"

ကိုအောင်သည် ပစ္စည်းများကို တစ်ယောက်တည်း သယ်ချသွားလေသည်။ ဥမ္မာက အေးငြိမ်း၏ လက်ကလေးကို ဆုပ်ညှစ်၍ နှုတ်ဆက်လိုက်ပြီး နောက်မှ ဆင်းလိုက်သွားသည်။ အန်တီကြီးသည် သူ့ကိုများ နှုတ်ဆက်မလားဟု ခေါင်းထောင်၍ ကြည့်နေရာမှ တစ်ယောက်ကမျှ လှည့်ကြည့်မသွား၍ မကျေမနပ်ဖြစ်ကာ ကျန်ရစ်လေသည်။

***